ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၁၂၃)

နေ့စွဲ – ၂.၉. ၂၀၁၂

**သမိုင်းကဏ္ဍ**

# တာတူလျံ – သုံးပါးတဆူသီအိုလောဂျီပညာရှင်

(Tertullian - Theologian of the Tirinity)

## နိဒါန်း

ရှင်ပေါလုက ကောရင့်အသင်းတော်သို့ စာရေးသည့်အခါ၊ ခရစ်တော်၏အသင်းတော်တွင် ပြုလုပ်လေ့ရှိသော ဘုရားသခင်၏ ပုံမှန်/ယေဘုယျ ဥပဒေသမှာ “ခေါ်ခြင်းခံရသူများတွင် အသွေးအသားအားဖြင့် ပညာရှိသူတို့ သိပ်မများပါ၊ ခွန်အားကြီးသူတို့ သိပ်မများပါ၊ ဆွေကြီးမျိုးကြီးအထက်တန်းစားများ သိပ်မများပါ၊”(၁ကော ၁း၂၆ ဂျိန်းဘုရင်မူ)ဟု ပြောခဲ့ပါသည်။ သို့သော်လည်း တခါတရံ ဘုရားသခင်သည် ခရစ်တော်၏အသင်းတော်ထံ ထူးချွန်လှသော အရည်အချင်းရှိသူများ၊ ညာဏ်ပညာ အလွန်ကြီးမားသူများ၊ ကိုယ်ကျင့်သိက္ခာနှင့်ဝိညာဉ်ရေးအသက်တာ၌ မြင့်မားလှသူများကို ပေးတော်မူရန် သဘောကျတော်မူတတ်ပါသည်။ ထိုသူများသည် ထူးကဲလှသော ပါရမီထူးသူများအဖြစ်နှင့် အသင်းတော်၏သမိုင်းမှတ်တမ်းတွင် ရပ်တည်နေကြပါသည်။

တာတူလျံသည် ထိုသို့သော ပုဂ္ဂိုလ်တဦးဖြစ်သည်။

သူ၏အကြောင်း အနည်းငယ်သာ သိရသော်လည်း၊ သူ့ကို ရိုမန်ကက်သလစ်အသင်းတော်က၊ အချို့သောအကြောင်းများကြောင့်၊ မှားယွင်းခြင်းကိုသင်သောဆရာဟု သတ်မှတ်ထားပါသော်လည်း၊ သူသည် ထည်ဝါသောပုံသဏ္ဍာန်ဖြင့် တည်ရှိနေပါသည်၊ အသင်းတော်ရှိ၊ သူ၏အရေးပါမှုသည် ဩဂတ်စတင်၊ မာတင်လူသာ၊ ဂျွန်ကဲလ်ဗင်းတို့နှင့် တတန်းတည်းရှိနေပါသည်။

တာတူလျံ၏ဘဝဖြစ်စဉ်အကြောင်းသည် ဖုံထူသောအတိတ်သမိုင်းတွင် ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ သူ့အကြောင်း ဟိုတစဒီတစသာလျှင် ကျွန်တော်တို့ခေတ်အထိ ရောက်လာပါသည်။ သူသည် ကာသေ့ဂျ်မြို့တော်မှဖြစ်သည်၊ မြောက်အာဖရိကတွင် တည်ရှိသည့်၊ ရောမအင်ပါယာသမိုင်းအတွက် အလွန်အရေးပါသော မြို့တော်တခုဖြစ်ပါသည်။ ခေတ်ဟောင်းသမိုင်းကို အနည်းငယ်လောက်လေ့လာသူ အငယ်ဆုံးသော ကျောင်းသားကလေးတဦးကပင် ထိုမြို့ကို သိကြပါသည်။

တတိယရာစုနှစ်၏အသင်းတော်သည် ရောမအင်ပါယာတခွင်သို့ ပြန့်နှံ့ခဲ့ပြီဖြစ်သည်(အေဒီ ၁၀၀ ကျော်မှ ၂၀၀ ဝန်းကျင်)။ ထိုခေတ်အသင်းတော်သည် ပထဝီ မြေအနေအထားအရ၊ တိုင်းနိုင်ငံများအရ နှစ်ပိုင်းဖြစ်သွားပါသည်။ အရှေ့ပိုင်းအသင်းတော်၊ ပါလက်စတိုင်း၊ ဆီးရီးယား၊ အေးရှားမိုင်းနား၊ ဂရိနှင့် အီဂျစ်တို့ပါဝင်သည်၊ အများအားဖြင့် ဂရိဘာသာစကားကို သုံးကြသည်။ ဂရိဘာသာစကားကို အသုံးပြုကြသောကြောင့် တွေးခေါ်စိတ်ကူးယဉ်တတ်သော ဂရိတို့၏စိတ်သဘောထား ရှိကြသည်။ အနောက်ပိုင်းအသင်းတော်၊ အီတလီ၊ စပိန်၊ ဂေါလ်နှင့် မြောက်အာဖရိက တို့ပါဝင်သည်၊ လက်တင်ဘာသာကို အဓိကသုံးကြသည်။ ထို့ကြောင့် လက်တင်ဘာသာကိုသုံးသော ရောမလူမျိုးတို့၏ လက်တွေ့ဆန်မှု၊ ဥပဒေကို အလေးထားသောစိတ်သဘောထားကို ရကြသည်။ တာတူလျံသည် အနောက်ပိုင်းအသင်းတော်တွင် ပါဝင်သည်။ မြောက်အာဖရိကသို့ ခရစ်ယာန်ယုံကြည်ခြင်းသည် အစောပိုင်းကာလမှပင်ရောက်ရှိခဲ့ပါသည်၊ ဖြစ်နိုင်ခြေရှိသည်မှာ အီတလီဖက်ကဖြစ်နိုင်ပါသည်။ သို့သော် ဘုရားသခင်က ထိုဒေသတွင် အသီးအပွင့်မြောက်များစွာ ဖြစ်ပေါ်စေခဲ့သည်။ တတိယရာစုနှစ်အလယ်ခန့်(အေဒီ ၂၅၀ ဝန်းကျင်)ရောက်သော် ကာသေ့ဂျ်ပြည်နယ်တဝိုက်တွင် သင်းအုပ်ဆရာ ကိုးဆယ်ခန့် အမှုတော်ဆောင်နေသည်ကို တွေ့ရပါသည်။ မိမိတို့နယ်မြေတွင် ဘုရားသခင်က မည်သို့လုပ်ဆောင်ကြောင်းကို တာတူလျံက မယုံကြည်သူတို့အား သတိပေးလေ့ရှိပါသည်၊ “ငါတို့သည် လျှို့ဝှက်လက်စားခြေသူများအနေနှင့် မလုပ်ရှားချင်ကြဘဲ၊ ပွင့်လင်းသောရန်သူများအဖြစ် လှုပ်ရှားချင်ကြလျှင်၊ မည်မျှထိရောက်သော ဆန့်ကျင်မှုကို ငါတို့သည် ပေးနိုင်ကြပါမည်နည်း? ငါတို့သည် မနေ့တနေ့ကမှ ပေါ်လာကြသူများဖြစ်ကြသည်၊ သို့သော် ငါတို့သည် သင်တို့ပိုင်ဆိုင်သော နေရာအားလုံးကို ပြည့်စေခဲ့ကြပြီ – မြို့တော်များ၊ ကျွန်းများ၊ ခံတပ်များ၊ မြို့များ၊ ငွေလဲရာနေရာများ၊ စစ်တပ်များထဲပင်၊ မျိုးနွယ်စုများ၊ မြို့တော်ကောင်စီများ၊ နန်းတော်များ၊ လွှတ်တော်ထဲ၊ ဈေးများ – နေရာအားလုံးတွင်ဖြစ်သည်၊ ငါတို့သည် သင်တို့အတွက် သင်တို့၏ ဘုရားကျောင်းများကိုသာ ထားခဲ့ကြပြီဖြစ်သည်။”

ထို့နောက် မြောက်အာဖရိကရှိ အသင်းတော်သည် တကယ့်နှိပ်စက်ညှင်းဆဲခံရခြင်းကိုလည်း တွေ့ကြုံခဲ့ရသည်မှာ၊ ထိုအာဖရိကကမ်းခြေရှိ သဲသောင်ပြင်များ မရေတွက်နိုင်လောက်သော မာတုရ(အာဇာနည်)တို့၏သွေးများဖြင့် စိုစွတ်နေသည့်တိုင် ဖြစ်ပါသည်။ ထိုအကြောင်းကို တာတူလျံက “မာတုရ(အာဇာနည်)တို့၏သွေးစက်တိုင်းသည် အသင်းတော်ဖြစ်တည်ဖို့ မျိုးစေ့များ ဖြစ်လာကြသည်”ဟု ရေးသားခဲ့သည့်အခါ၊ သူကိုယ်တိုင် တွေ့မြင်ကြုံတွေ့ခဲ့သည်ကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ခရစ်ယာန်တို့၏ဖြောင့်မတ်ခြင်းကို ဒေါသထွက်စွာခုခံကာကွယ်လျှက် တာတူလျံသည် ရောမအင်ပါယာကို ခရစ်ယာန်တို့အား မဖြောင့်မတ်စွာမုန်းတီးသူများဟု စွတ်စွဲခဲ့ပါသည်၊ “လျှို့ဝှက်ပူးပေါင်းကြံစည်မှု ဆိုသောစကားလုံးသည် ငါတို့အတွက်မဟုတ်ပါ၊ ထိုက်တန်သော၊ ရည်မွန်သော လူတစုကို သက်သက်မဲ့ မုန်းတီးရန် လှုံ့ဆော်ကြံစည်သူတို့နှင့် ကိုက်ညီသောစကားလုံးဖြစ်ပါသည်။ သူတို့သည် လူထုသို့ သဘာဝဘေးအန္တရယ်တမျိုးမျိုးကျရောက်သည်နှင့် တမျိုးမျိုးသောကပ်ဆိုက်သည်နှင့် အပြစ်မဲ့သောသူတို့၏အသွေးကို တောင်းဆိုအော်ဟစ်ကြပါသည်။ တိုင်ဗာမြစ်ရေကြီး၍ ရောမမြို့တော် မြို့ရိုးသို့ရေရောက်သည်နှင့်၊ နိုင်းမြစ်ကြီး ရေမများဘဲ၊ စိုက်ပျိုးမြေများအပေါ် နှံ့းတင်

မြေနုများကို မပို့ပေးတော့သည်နှင့်၊ ကောင်းကင်က မိုးကို မပေးဘဲနေသည်နှင့်၊ လျှောင်လှုပ်သည်နှင့်၊ တော်မွတ်ခေါင်းပါးခြင်းရောက်သည်နှင့်၊ ပလိပ်ရောဂါကျရောက်သည်နှင့်၊ 'ခရစ်ယာန်တို့ကိုခြင်္သေ့စာကျွေးကြလော့'ဟု အော်ဟစ်ကြပါတော့သည်။"

သူ၏ငယ်စဉ်ဘဝ

တာတူလျှံ မည်သူဖြစ်သနည်း? သူသည် ကာသေ့ဂျ်မြို့တော်တွင် မယုံကြည်သူမိဘများမှ မွေးဖွားလာခဲ့ပါသည်။ မည်သူကမျှ သူ၏မွေးနေ့ကို မသိကြပါ။ ခန့်မှန်းကြသည်မှာ အေဒီ ၁၄၅ မှ အေဒီ ၁၆၀ အတွင်းဖြစ်လိမ့်မည်ဟုဖြစ်ပါသည်။ အေဒီ ၁၄၅ သည် ပိုမှန်မည်ဟု ခန့်မှန်းရပါသည်။ သူ့ဖခင်သည် အာဖရိကတပ်မတော်မှ ရောမစစ်ဗိုလ်မှူးတဦးဖြစ်သည်။ စစ်သူကြီး၏ အနီး ကပ်အကူအညီပေးရသော ကိုယ်ရေးအရာရှိ ဖြစ်သည်။ ဖခင်က သူ့သားကို မြင့်မားစွာမျှော်လင့်ချက်ထားသဖြင့်၊ တာတူလျှံသည် အင်ပါယာအစိုးရ၏ အမှုထမ်းဖြစ်ရန် ငယ်စဉ်ကပင် ပြင်ဆင်ပေးခြင်းခံရပါသည်။ ဖခင်က သူ့ကို ဥပဒေပညာကို သင်စေသည်၊ ထို့နောက် တရားခွင်လျှောက်လှဲခြင်းဆိုင်ရာ စကားပြောဆိုကျွမ်းကျင်မှုကို ဆက်သင်စေသည်။ သူ၏ မတူထူးခြားလှသော ညာဏ်ပညာက သူ့ကို ကျောင်းတက်ဖော်များအကြား ခေါင်းတလုံးမြင့်လာစေပါသည်။

သူခရစ်ယာန်ဖြစ်လာသောအခါ ထိုအရာအားလုံးကို စွန့်ပစ်ခဲ့ပါသည်။ သူမည်သို့ ပြောင်းလဲကြောင်း သူ့စာများထဲတွင် ပြောမပြခဲ့သော်လည်း၊ ပြောင်းလဲပုံသည် ရုတ်တရက်ဖြစ်ကြောင်း၊ အံ့ဩစရာကောင်းကြောင်းကိုတော့ အရိပ်အမြွက်ပြောပြခဲ့ပါသည်။ "ခရစ်ယာန်ဆိုသည်မှာ မွေးရာပါမဟုတ်၊ ပြုလုပ်ရသည်"ဟုရေးခဲ့ပါသည်။ သူ့ကို ရုပ်တုကိုးကွယ်ခြင်းအမှောင်ထဲမှ ဧဝံဂေလိအလင်းတရားသို့ ခေါ်ဆောင်သော ဘုရားသခင်၏ ရုတ်တရက်လုပ်ပေးခြင်းကို ပြန်လည်တွေးတောကာ ရေးသားခြင်းဖြစ်ပါသည်။

သူ၏လုပ်ဆောင်မှုများ

ပြောင်းလဲပြီးချိန်မှစ၍ တာတူလျှံသည် အသင်းတော်၏ရန်သူတိုင်း၏ မည်သည့်အခါတွင်မှ အလျှော့မပေးသောဆန့်ကျင်သူဖြစ်လာပါသည်။ ပြင်းထန်သော၊ အားမန်ပါသော ယုံကြည်ခြင်းကိုခုခံကာကွယ်သူ ဖြစ်လာသည်။ သူသည် မြောက်များစွာသော အရည်အချင်းများကို ပိုင်ဆိုင်သူဖြစ်သည်၊ အသင်းတော်သမိုင်းတွင် သူ့ထက်သာသူ အနည်းငယ်သာရှိပါသည်။ သို့သော် သူသည် ပြင်းထန်စွာ စူးရှစွာ ဒေါသထွက်တတ်သူလည်း ဖြစ်ပါသည်၊ ဟာသဉာဏ်လည်းရှိပါသည်၊ ယုံကြည်ခြင်းကို ငြင်းဆန်သူတို့အား ဆန့်ကျင်လျှက် ကလောင်ကို ခါးသီးခြင်း၊ သရော်လှောင်ပြောင်ခြင်းတို့ဖြင့် နိုင်းနင်းစွာကိုင်တွယ်ရေးသားသူဖြစ်သည်။ သူရေးသော စာများသည် မာတင်လူသာ၏ စာများနှင့်တူပါသည်။ သူသည် သူ့ရန်များကို ယဉ်ကျေးခြင်းဆိုသော နယ်နိမိတ်ကျယ်အတွင်း၌ရှိသည့် အမည်မျိုးစုံဖြင့် အမည်တပ်ခေါ်ရန် မကြောက်ရွံ့သူ ဖြစ်ပါသည်။ သူသည် ယုံကြည်ခြင်းကို ခုခံဖို့အတွက် ပြင်းထန်စွာ၊ ကြာရှည်စွာ၊ မကြောက်မရွံ့ တိုက်ခိုက်ပါသည်။

သူပြောင်းလဲပြီး (၁၀)နှစ်အတွင်းတွင် တာတူလျှံသည် အသင်းတော်၏ အသင်းလူကြီးဖြစ်လာသည်။ ထိုစဉ်သည် သူသည် အိမ်ထောင်ပြုပြီးဖြစ်သဖြင့် ထိုသို့အသင်းလူကြီး/သင်းအုပ်ဖြစ်လာခြင်းသည် အံ့ဩစရာကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုမျှစောသောအချိန်ကပင် အသင်းတော်သည် အိမ်ထောင်သည်များ အမှုတော်ဆောင်ဖြစ်ခြင်းကို စတင်မျက်မှောင်ကြုတ်နေပြီဖြစ်သည်(ထိုသို့မြင်ခြင်းသည် တကယ်တွင် အလွန်မှားပါသည်)။ သူ့ဇနီးထံရေးသော စာရှည်နှစ်ဆောင်တွင် အိမ်ထောင်ရှိခြင်း၏ ကောင်းချီးမင်္ဂလာများကို အထူးတလည်ချီးမွမ်းထားကာ၊ သူ့မယားကြာခိုခြင်း၊ လိင်မှုကိစ္စဖေါက်ပြန်စည်းကမ်းမရှိခြင်းတို့ကို ရှုတ်ချပါသည်။ ထိုစာစောင်များမှ သူ့အတွေးများသည် ကျွန်တော်တို့၏ ကိုယ်ကျင့်တရားဖေါက်ပြန်နေသော ခေတ်ကြီးအတွက်လည်း သင့်တော်လှပါသည်။

တာတူလျှံသည် ခရစ်ယာန်ဘာသာကို တိုက်ခိုက်သူအားလုံးတို့၏ ပြင်းထန်သောရန်သူဖြစ်သည်။ ရုပ်တုကိုးကွယ်ခြင်းဖီလိုဆိုဖီကို သူ အထင်သေးသည်၊ အသင်းတော်ကို ရုပ်တုဆင်းတုကိုးကွယ်ခြင်းဝါဒမှ ခုခံကာကွယ်ပါသည်။ ကျမ်းစာကို ဘုရားသခင်က မှုတ်သွင်းထားသည်ဖြစ်၍ မမှားနိုင်ပါ ဆိုသောအမှန်တရားကို၊ ပထမဆုံး ငြင်းဆန်တိုက်ခိုက်သော မာစီယွန်(Maecion)ဆိုသူကိုလည်း သူ ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ နောစတစ်ဝါဒီ(Gnostics)များကိုလည်း ဆန့်ကျင်သည်စာကို ရှည်လျှားစွာ ရေးခဲ့သည်။

ထိုစာသည် အလွန်အရေးကြီးသည်။ နော်စတစ်ဩဝါဒအမှားက အစပျိုးအသင်းတော်ကို အတော်ပင် ဝမ်းနည်းစေခဲ့ပါသည်။ ထိုဝါဒ၏ ကြိုးပမ်းချက်မှာ ကမ္ဘာသူကမ္ဘာသားအားလုံး အတူတကွပါဝင်နိုင်သော ကမ္ဘာလုံးဆိုင်ရာဘာသာရေးတခု (world-wide religion)ကို တည်ထောင်ရန် ပထမဆုံးအကြိမ် ကြိုးပမ်းမှုဟု ပြောနိုင်ပါမည်။ ထို နော့စတစ်ဩဝါဒက ခရစ်ယာန်ဘာသာမှ အချက်အလက်များ၊ ဂရိဖီလိုဆိုဖီမှ အချက်အလက်များ၊ အရှေ့တိုင်းဂန္တီရဆန်မှုမှ အချက်အလက်များ သုံးမျိုးစလုံးရောမွှေကာ ဘာသာရေးအသစ်တခုဖြစ်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ ၎င်းဝါဒက လူသားအားလုံးလက်ခံနိုင်သော ဘာသာရေးတခုကို တင်ပြခြင်းဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ဘာသာအားလုံးမှ အကောင်းဆုံးအချက်များကို ရွေးကာ စုပေါင်းထား၍ဖြစ်သည်။ ယနေ့ခေတ် မော်ဒန်အီခယူမနီးဇင်(modern ecumenism = ဂိုဏ်းပေါင်းစုံအဖွဲ့များ)နှင့်အတော်ဆင်တူပါသည်။ ခေတ်သစ် ဂိုဏ်းပေါင်းစုံဝါဒီများကလည်း ခရစ်ယာန်များ၊ ဂျူးများ၊ ဗုဒ္ဓဘာသာများ၊ မူဆလင်များ၊ ရုပ်တုကိုးကွယ်သူများ အားလုံးကလက်ခံနိုင်မည့် ဘာသာရေးဩဝါဒတမျိုးမျိုးကို ရနိုင်ရန် ကြိုးပမ်းနေကြပါသည်။

အသင်းတော်အား ထိုသို့ ပြင်းထန်စွာတိုက်ခိုက်နေသည်ကို တာတူလျှံက လုံးဝအရောနှောမခံ အလျှော့မပေးသော စစ်ကို ဆင်နွှဲခဲ့ပါသည်။ တာတူလျှံက ခရစ်ယာန်ယုံကြည်ခြင်းသည် ကမ္ဘာကြီး၏အခြားဘာသာရေးအားလုံးတို့ကြားတွင် တစ်မူထူးခြားသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်း၏မူလအစသည် ကျမ်းစာ၌ဖြစ်သည်၊ ကျမ်းစာကို ဘုရားသခင်ကပေးထားသည်ဟု ခိုင်ခိုင်မာ

မာ ပြောခဲ့ပါသည်။ သူက အခြားသောဘာသာရေးအားလုံးသည် အမှန်တရားမှ သွေဖည်ခြင်း၊ လမ်းမှားသွားကြခြင်းသာဖြစ်သည်ဟု ပြောပါသည်။ ထိုသို့ပြောသဖြင့် တာတူလျံတွင် သူငယ်ချင်း များများမရှိခြင်းသည် အံ့ဩစရာမရှိလှပါ။ ထိုသို့ခိုင်ခိုင်မာမာ ပြောဆိုခြင်းကို ထိုစဉ်က ဆန့်ကျင်ခဲ့ကြသလို၊ ယနေ့တွင်လည်း ဆန့်ကျင်နေကြဆဲဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြောဆိုခြင်းသည် အရောအနှောခံခြင်းအားလုံးနှင့် မသန့်ရှင်းသောသည်းခံခြင်းအားလုံးတို့၏ ရန်သူဖြစ်သောကြောင့်ဖြစ်သည်။

တာတူလျံသည် သူ၏မီးတောက်နေသောကလောင်ကို မျိုးစုံသောမှားယွင်းခြင်းသွန်သင်သူတို့အား ဆန့်ကျင်ဖို့သာ သုံးစွဲခဲ့သည်မဟုတ်ပါ၊ သူသည် အမှန်တရားကို ပိုမိုတိုးတက်ထွန်းကား ရလေအောင်လည်း မိမိ၏ခွန်အားများကို မြှုတ်နှံသုံးစွဲခဲ့ပါသည်။ သူ၏ ခရစ်ယာန်အသင်းတော်သမိုင်းအတွက် ဆောင်ရွက်ပေးခဲ့ခြင်းများကို သံသယဖြစ်စရာမလိုအပ်ပါ။

ထိုကိစ္စနှင့်ပတ်သက်လျှင် နှစ်နေရာသည် အထူးမှတ်သားလောက်ပါသည်။

မြောက်အာဖရိကတွင် သူ့အား ဆက်ခံသူ၊ ဩဂတ်စတင်ကို ဘုရားသခင်အသုံးပြုလျက် လုံးလုံးလျားလျားအပြစ်ထဲတွင်ကျဆုံးနေခြင်းဩဝါဒ(total depravity)၊ ဘုရားသခင်၏အစိုးရတော်မူခြင်း(sovereignty)၊ သီးသန့်ကျသောကျေးဇူးတော်(particular grace)စသော အမှန်တရားများကို “ပလဲဂျီယန်ဝါဒအမှား၊” “စယ်မီးပလဲဂျီးယန်းဝါဒအမှား”တို့အား ဆန့်ကျင်လျှက် တိုးတက်ထွန်းကားစေခဲ့သော်လည်း၊ တာတူလျံလက်ထက်ကပင် ထိုဝါဒများ၏ အစပျိုးခြင်းကို တွေ့နေရပြီဖြစ်ပါသည်။ သူသည် စစ်မှန်သောအဲန်သရိုပေါလော်ဂျီဟုခေါ်သည့် လူ၏အကြောင်း၊ ကယ်တင်ခြင်းအကြောင်းတို့ကို စတင်သွန်သင်ခဲ့သူဖြစ်သည်၊ စိုင်ပီးရီးယန်း(Cyprian အခြားမြောက်အာဖရိက သီဩလော်ဂျီပညာရှင်)၏ ဆရာလည်းဖြစ်ပါသည်၊ ဩဂတ်စတင်၏ရှေ့ပြေးလည်းဖြစ်သည်။

သူ၏ သူများထက်ပိုသာသော ခေတ်ရှေ့ပြေးသောအတွေး၊ အိုင်ဒီယာတို့ကို ပေါ်ထွက်နိုင်ခြင်းအစွမ်း စသည်တို့ကို၊ သူ သင်ပေးခဲ့သော “ထရာဒူစီယန်းဝါဒ”(Traducianism)တွင် တွေ့နိုင်ပါသည်။ ထရာဒူစီးယန်းဝါဒက လူ၏ဝိညာဉ်ကို သူ၏ကိုယ်ခန္ဓာနှင့်အတူ မိဘများထံမှ ရခြင်းဖြစ်သည်၊ ဘုရားသခင်က ဖန်ဆင်းခြင်းမဟုတ်ပါဟု သင်ပါသည်။ ထိုသို့သင်ခြင်း မှားသလား၊ မှန်သလား ဆိုသည့်အချက်သည် ကျွန်တော်တို့အတွက် အရေးမကြီးပါ၊ ထိုသို့သင်ခြင်း အရေးပါရခြင်းမှာ တာတူလျံက မူလအပြစ်(original sin)အမှန်တရားကို ခုခံကာကွယ်ရန် ထိုသို့သင်ပေးခြင်းကြောင့် ဖြစ်ပါသည်။ နောက်တနည်းပြောရလျှင် အပြစ်သည် ကိုယ်ဝန်ဆောင်ချိန်ကပင် ကူးစက်ပြီးဖြစ်သည်၊ မွေးရာပါဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် အပြစ်ထဲကျဆုံးပြီးသဘာဝက မွေးထုတ်လိုက် ခြင်းကြောင့်ဖြစ်သည်။ ကျွန်တော်တို့သည် အပြစ်၌ပျက်စီးပြီး ကိုယ်ခန္ဓာနှင့်ဝိညာဉ်ကို ကျွန်တော်တို့ မိဘများထံမှ ရရှိသည်၊ အဘယ့်ကြောင့်ဆိုသော် ခန္ဓာရောဝိညာဉ်ပါ ကျွန်တော်တို့မိဘများထံမှ လာပါသည်။ ထိုခေတ်က ထိုအမှန်တရားကို တာတူလျံ တဦးတည်းကသာ သင်ကြားခဲ့ပါသည်။

တာတူလျံကို ကျွန်တော်တို့သည် အသင်းတော်၏သမိုင်းတွင် အမြဲတမ်းမှတ်မိနေရသည့် အရေးကြီးသောနေရာ၌ နေရာပေးကြပါသည်၊ ထိုသို့ပေးရခြင်းမှာ ခရစ်တော်သည် ဘုရားဖြစ်ခြင်းဩဝါဒ၊ သုံးပါးတဆူဩဝါဒတို့ကို စတင်သွန်သင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ထိုအချက်ကို သေချာတန်ဖိုးထားတတ်ဖို့ သိရမည်မှာ၊ ထိုခေတ်တွင် အသင်းတော်၌ ထိုအရေးကြီးလှသောအမှန်တရားများကို ပေါ်ထွက်ထားခြင်း တခုမှမရှိသေးချိန် ဖြစ်သည်။ ထိုအမှန်တရားတို့သည် ခရစ်ယာန်ယုံကြည်ခြင်းအားလုံးတွင် အနက်နဲဆုံးအမှန်တရားများဖြစ်ကြသည်။ ခေတ်ဦးအသင်းတော်က ထိုအမှန်တရားများနားလည်ရန် အတော်ရုန်းကန်ခဲ့ရပါသည်။ အဘယ့်သို့လျှင် ဘုရားသခင်သည် သုံးပါးဖြစ်သော်လည်း၊ တဆူတည်း ဖြစ်နိုင်ပါသနည်း? ဘုရားသခင်သည် သုံးဦးဖြစ်လျှင် ခရစ်ယာန်သည်လည်း ဘုရားအများကို ကိုးကွယ်ခြင်းသာ ဖြစ်နေပါမည်၊ ရုပ်တုများကိုးကွယ်သူတို့နှင့် အနည်းငယ်သာ ခြားနားပါမည်။ အကယ်၍ ဘုရားသခင်သည် တဦးတည်းဖြစ်လျှင်၊ ခရစ်တော်သည် ဘုရားသခင်မဖြစ်နိုင်ပါ။ ထိုပြဿနာများကို မည်သို့ ဖြေရှင်းမည်နည်း?

အဖြေမျိုးစုံကို တင်ပြခဲ့ကြပါသည်၊ သို့သော် အဖြေပေးသည့်အချိန်တိုင်း အသင်းတော်သည် ထိုအဖြေကို ကျမ်းစာနှင့်တိုက်ဆိုင် စစ်ဆေးသောအခါ၊ မကိုက်ညီသည်ကိုတွေ့ရသဖြင့် ပယ်ခဲ့ရသည်ချည်းသာဖြစ်ပါသည်။ ထိုအရေးကြီးသောအချက်များ၏ ကျမ်းစာနှင့်ကိုက်ညီသော သွန်သင်ချက်အဖြေကိုရဖို့ အသင်းတော်သည် ရှည်လျားသောအချိန်များကို ဖြတ်သန်းခဲ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ၊ တစိတ်တပိုင်းတွင်၊ အသင်းတော်၌ ထိုအမှန်တရားများကို ဖွင့်ထုတ်ဖော်ပြဖို့ သင့်တော်ကိုက်ညီသော စကားလုံး ရှာမရခဲ့သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ ယနေ့ချိန်တွင် သုံးနေကြသောစကားလုံးများဖြစ်ကြသည့်၊ ပုဂ္ဂိုလ်(person)၊ အနှစ်သာရ(essence)၊ သဘာဝ(nature)၊ ဖြစ်တည်နေမှုအခြေအနေ(subsistence) စသည်တို့သည် ကျမ်းစာတွင်ပါသော စကားလုံးများမဟုတ်ကြပါ။ အသင်းတော်က ၎င်းတို့ကို တည်ထွင်ရမည်ဖြစ်သည်၊ ထို့နောက် အသင်းတော်အားလုံးက ထိုစကားလုံးတို့သည် ကျမ်းစာ၏ သွန်သင်ခြင်းများကို ဖွင့်ထုတ်ဖော်ပြရန် အသုံးပြုနိုင်သည်ဟု သဘောတူကြရန် လိုပြန်ပါသည်။ ထိုသို့ဖြစ်ရန် ရှည်ကြာလှသော၊ ခါးသီးလှသော အပြင်းအထန်ကြိုးစားရုန်းကန်ခြင်းများဖြင့်၊ နောက်ဆုံးတွင် အေဒီ ၃၂၅ ၌ “ကြီးမြတ်သော နိုင်စီယာ ခံယူယုံကြည်ချက်”(Creed of Nicea)ကို ရေးဆွဲနိုင်ခြင်းဖြင့် အဆုံးသတ်နိုင်ခဲ့ပါသည်။

ထိုပြင်းထန်လှသောအငြင်းပွားမှုများသည် အရှေ့ဖက်အသင်းတော်များ၌သာ ဖြစ်ခဲ့ကြသည်ကို အံ့ဩဖွယ်တွေ့ရပါသည်။ အနောက်ဖက်အသင်းတော်များမှာ ထိုပြဿနာများကြောင့် မည်သို့မျှ ဒုက္ခမရောက်ခဲ့ကြပါ။ အနောက်ဖက်အသင်းတော်များသို့ ထိုမှားယွင်းခြင်းများကို ယူဆောင်လာသောသူများ မရှိခဲ့၍မဟုတ်ရပါ၊ သို့သော် ထိုပြဿနာများ၏အဖြေကို အစကထဲက သိနေခဲ့ကြသဖြင့် ဖြစ်ပါသည်။ ထိုသို့သိနေခဲ့ရခြင်းမှာ တာတူလျံ၏ ပါရမီရှိလှသော ရေးသားသွန်သွန်ခဲ့မှုတို့ကြောင့် ဖြစ်ပါသည်။ သူသည် “နိုင်စီယာ”မတိုင်မီ နှစ်ပေါင်း(၁၀၀)ခန့်ကပင် ထိုဩဝါဒများကို နားလည်ခဲ့ပြီးဖြစ်သည်၊ ထိုသို့သူနားလည်သည်များကို

သင်ပေး သည်၊ စာပေနှင့်ရေးသားပြသည်၊ ထို့နောက် အသင်းတော်ကို ယနေ့တိုင် ကျွန်တော်တို့အသုံးပြုနေသည့် စကားလုံးများအား ပေး အပ်ခဲ့ပါသည်။ ထိုစကားလုံးများမှာ "သုံးပါးတဆူ"(Trinity)၊ "ပုဂ္ဂိုလ်၊" "အနှစ်သာရ၊" စသည်တို့ဖြစ်ကြပါသည်။ ဘုရားသခင်သည် အခြေခံ၌ တစ် ဖြစ်၍၊ ပုဂ္ဂိုလ်အားဖြင့် သုံး ဖြစ်သည်ဟု ပထမဆုံး သင်ပေးသူဖြစ်ပါသည်။

ထိုသို့ ဘုရားသခင်က လူတဦးတည်းကိုသုံးလျက် ထိုမျှများပြားလှသောအရာများအား အသင်းတော်အတွက် လုပ်ပေးခဲ့ခြင်းကို ကျွန်တော် မည်သို့မျှ နားမလည်နိုင်ပါ။ အသင်းတော်များကို အစိတ်စိတ်အမွှာမွှာကွဲစေသည့် ခက်ခဲလှသောအယူဝါဒအငြင်းပွားမှု မှန်တိုင်းများကို အရှေ့ဖက်အသင်းတော်များ တွေ့ကြုံနေရချိန်တွင်၊ အနောက်ဖက်အသင်းတော်များမှာ အေးချမ်းစွာ မိမိတို့လမ်းကို ဆက်လက်နေကြပါသည်၊ မုန်းတိုင်းများကြောင့် အနောက်အယှက်မဖြစ်ကြဘဲ၊ ထိုအမှန်တရားများတွင် ခိုင်မာစွာအမြစ်တွယ် ရပ်တည်ခဲ့ကြပါသည်၊ ထိုသို့ဖြစ်နိုင်ရခြင်းအားလုံးသည် တာတူလျံကြောင့်ဖြစ်ပါသည်။ ထိုအမှန်တရားများကို နိုင်စီယာ မတိုင်မီ နှစ်ပေါင်းတရာ စော၍ သင်ပေးခဲ့သောကြောင့်ဖြစ်ပါသည်။

**သူ၏နောက်ဆုံးအချိန်များ**

သို့သော် တာတူလျံ၏အကြောင်းသည် သူ့ဘဝနောက်ဆုံးချိန်များမပါဘဲ ပြည့်စုံနိုင်မည်မထင်ပါ၊ ဝမ်းနည်းစရာအခန်းဖြစ်ပါသည်။

တာတူလျံသည် မိမိဘဝနောက်ဆုံးအချိန်များကို "မွန်တန်းနစ်"(Montanist)ဆိုသောဂိုဏ်းတွင် အဆုံးသတ်ခဲ့ပါသည်(အေဒီ ၂၂၀ နှင့် ၂၄၀ အကြားတွင် ကွယ်လွန်ခဲ့သည်ဟု ယူဆရပါသည်)။

ထိုမွန်တန်းနစ်ဂိုဏ်းသည် အသင်းတော်အတွင်း ဖြစ်ပေါ်လာသော လှုပ်ရှားမှုတခုဖြစ်သည်၊ ဂန္တီရဆန်သော၊ ပုဂ္ဂလိဋ္ဌာန်ကျသော၊ စိတ်လှုပ်ရှားခံစားမှုများကိုအထူးပြုသောအဖွဲ့ ဖြစ်ပါသည်။ ထိုလှုပ်ရှားမှုသည် အသင်းတော်တွင်းရှိ လောကဆန်မှုများ၊ အသွေးအသားကို ဦးစားပေးလွန်းခြင်းများကို ဆန့်ကျင်လျက် ဖြစ်ပေါ်လာသည့်၊ ခြိုးခြံခြင်းအကျင့်ကို အစွန်းရောက်ကျင့်သုံးသောလှုပ်ရှားမှုဖြစ်ပါသည်။ ထိုသို့နေခြင်းကို ပေါလုက ဘာမှအကျိုးမပေးသောနေထိုင်မှုဟု ရေးသားခဲ့ပါသည်။ မွန်တန်းမစ်ဝါဒက ဝိညာဉ်တော်၏တိုက်ရိုက်ဖွင့်ပြခြင်း၊ ဝိညာဉ်တော်၏စပယ်ရှယ်အထူးပြောပြခြင်းစသည့် ပုဂ္ဂလိဋ္ဌာန်ကျသောအရာများကို အထူးပြုသည်။ ယနေ့ခေတ် ပဲန်တီကော့စတယ်လ်ဝါဒ(Pentecostalism)၊ ခရယ်စမက်တစ်(Charismatic)ဝိညာဉ်အစွန်းရောက်ဂိုဏ်းများနှင့်တူပါသည်။ နေရောင်အောက်တွင် အသစ်ဆိုသောအရာ မရှိနိုင်ဟုပြောခြင်းသည် အမှန်ပင်ဖြစ်ပါသည်။

အသင်းတော်သမိုင်းဆရာများအကြား အဘယ့်ကြောင့် တာတူလျံ ထိုသို့သောဂိုဏ်းသို့ ဝင်ရသနည်း?ဆိုသည်ကို အငြင်းပွားတတ်ကြပါသည်။ အချို့က သူ၏ အများနှင့်မတူသော လူထူးလူဆန်းဖြစ်မှုကို အကြောင်းတရားဟု ယူဆကြသည်။ အချို့က သူ ၏ အစွန်းရောက်သောသဘာဝကြောင့်ဟု ပြောကြသည်။ အချို့က သူကိုယ်၌က ခြိုးခြံခြင်းအကျင့်ကို နှစ်သက်၍ဟု ပြောကြသည်။ ကျွန်တော်တို့ ဘာကြောင့်ဟု မပြောနိုင်ပါ။ ကျွန်တော်တို့သိရသည်မှာ တာတူလျံသည် အသင်းတော်အတွင်းရှိနေသည့် လောက ဆန်ခြင်းပုံသဏ္ဍာန်မျိုးစုံ၊ ဝိညာဉ်ရေးအရဇာတိဆန်ခြင်းမျိုးစုံကို ပြင်းထန်စွာဆန့်ကျင်ခဲ့ပါသည် ဆိုသောအချက်ကိုဖြစ်သည်။ ထိုအ ခါ ခြိုးခြံသောအကျင့်ကိုကျင့်ကြသော မွန်တန်းနစ်အုပ်စုက သူကိုဆွဲဆောင်နိုင်ခဲ့ပုံရပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ သူ့ဘဝနောက် ဆုံးချိန်များကို တာတူလျံသည် ထိုဂိုဏ်း၌ကုန်ဆုံးစေပါသည်။ ထိုဂိုဏ်းဝင်တဦးအနေနှင့် သေဆုံးခဲ့ပါသည်။ ဩဂတ်စတင်ကတော့ သူသည် မသေခင်လေးတွင် အသင်းတော်သို့ ပြန်လာပါသည်ဟု ပြောပါသည်။ သို့သော် ထိုကိစ္စဖြစ်ပျက်ခဲ့ကြောင်း သက်သေမရှိ ပါ။ ထိုအဖြစ်သည် ထိုမျှပါရမီထူးချွန်သူကြီး၏ ဝမ်းနည်းဖွယ်နိဂုံးဖြစ်ပါသည်။ မှန်မမှန်တရားစီရင်ခြင်းကို ကျွန်တော်တို့ ဘုရားသ ခင့်ထံသာ ထားလိုက်ကြပါမည်။ ဤအပြစ်ကမ္ဘာကြီးရှိ အတော်ဆုံးပုဂ္ဂိုလ်များသည်ပင် မိမိတို့၏အမှားများနှင့်ဖြစ်ကြပါသည်။ ကျွန်တော်တို့၏ ယုံကြည်အားထားခြင်းသည် လူတို့အပေါ်မဟုတ်၊ ဘုရားသခင့်ထံ၌သာဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ တာတူလျံ မွန်တန်းနစ်ဂိုဏ်းသားဖြစ်ရခြင်းသည်၊ ကျွန်တော်တို့အတွက် အမြဲတည်သော သတိပေးမှုကြီးဖြစ်ပါသည်။ မွန်းတန်းနစ်နှင့်တူသော လှုပ်ရှားမှုများဖြစ်သည့် ပဲန်တီကော့စတယ်လ်ဝါဒ၊ ခရယ်စမက်တစ်ဝိညာဉ်အစွန်းရောက်လှုပ်ရှားမှုများသည် လောကဆန်လွန်းမှုများ၊ ရှင်သန်မှုကင်းမဲ့သောအမှန်တရား၌နေခြင်းများကြောင့် အသင်းတော်တွင်းဖြစ်ပေါ်နေသော ဝိညာဉ်ရေးရာလေဟာနယ်သို့ ပြင်းထန်သောမုန်တိုင်းသဖွယ် အချိန်မရွေးဝင်ရောက်လာနိုင်ပါသည်ဆိုသော သတိပေးမှုကြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သမိုင်းမှသင်ခန်းစာများကို သင်ယူကြပါမည်၊ ထို့နောက် ပညာရှိကြပါမည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××

<u>**ဆင်ခြင်တွေးတောခြင်းကဏ္ဍ**</u>

**ကူညီပါရန်ဆုတောင်းခြင်း**

(A Cry for Help)

“အိုထာဝရဘုရား၊ တရားသောဘက်မှာသာနေ၍ အကျွန်ုပ်အော်ဟစ်ခြင်းကို မှတ်တော်မူပါ။ မလှည့်မစားတတ်သော နှုတ်ခမ်းနှင့် ဆုတောင်းသော ပဌနာစကား ကိုနားထောင်တော်မူပါ။–” **ဆာလံ ၁၇း၁**

**လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆူးရှသော၊ သုံးကြိမ်တိုင်ထပ်ခါတလဲလဲ အော်ဟစ်သံသည် ကောင်းကင်အထပ်ထပ်သို့ တက်သွားခဲ့ပါသည်။ ထိုသို့ပြုသူသည် ဒါဝိတ်ဖြစ်ပါသည်။ အမြဲတမ်းဖြစ်လေ့ရှိသည်အတိုင်း ဒါဝိတ်သည် ပြဿနာထဲ ရောက်နေပြန်ပါသည်။**

**သုံးကြိမ်တိုင် သူဆုတောင်းကို ဆုတောင်းခဲ့ပါသည်။ ဘုရားသခင်ထံ အော်ဟစ်ခဲ့ပါသည်။ ကျွန်တော်တို့သည် တဆယ့်ခုနှစ်ခုမြောက်သော ဆာလံ၏အဖွင့်ကို ရည်ညွှန်းနေကြခြင်းဖြစ်သည်။**

**ကြားတော်မူပါ! သတိပြုတော်မူပါ! နားထောင်တော်မူပါ!**

**တမင်သက်သက်မဟုတ်တဲ့ ကျွန်တော်တို့၏ ဝေဒနာခံစားခြင်း အော်ဟစ်သံများကို ထပ်ခါတလဲလဲ ပြုတတ်ကြပါသည်။ ထို့အတူပင် ဒုက္ခပြဿနာများထဲ ရောက်ကြချိန်တွင်လည်း အကူအညီပေးရန် အခါခါ အော်ဟစ်ကြပါသည်။**

**ထို့အတူ ဒါဝိတ်လည်းဖြစ်ပါသည်။ သူသည် အတော်ကြီးသောဒုက္ခထဲ ရောက်နေပါသည်။ မည်သည်နည်းဆိုသော နောက်ခံသမိုင်းကိုတော့ မသိကြရပါ။ သူ ရှောလုလက်မှ အသက်လုပြေးနေရချိန် ဖြစ်ကောင်းဖြစ်ပါမည်။**

**သူ၏ ဘုရားသခင့်ထံ အော်ဟစ်ခြင်းအစဉ်ပင် သူသည် မိမိ၏ရိုးသားခြင်းကို အနန္တတန်ခိုးတော်ရှင်ထံ ပြညွှန်ခဲ့သည်။ သူ့အော်သံသည် ဟန်ဆောင်သောနှုတ်ခမ်းတို့မှ လာသည်မဟုတ်ဟု ပြောနေပါသည်။**

**ဘုရားသခင့်ထံဆုတောင်းလျှင် သင်သည် အလွန်ရိုးသားရပါမည်။**

**မှန်သည်၊ မြေကြီးပေါ်မှ လူသားတယောက်ထံတော့ သင်သည် အကူအညီတောင်းဖို့ ထိုသူ့ကို ညာကောင်းညာနိုင်ပါမည်။ တကယ်တမ်းတွင် သင်သည် ဘာကိုမှကြောက်မနေရသော်လည်း၊ အဆုံးစွန်နိဂုံးသို့ ရောက်နေဟန်နှင့် ဟန်ဆောင်လှုပ်ရှားပြနိုင်ပါမည်။ သင်နှင့်တူသော လူတယောက်ကိုတော့ သင် လိမ်ညာနိုင်ပါလိမ့်မည်။ သို့သော် ဘုရားသခင်ကို လိမ်ညာဖို့ကြိုးစားခြင်းသည် အတော်ဆိုးရွားသောကိစ္စ ဖြစ်ပါသည်။**

**သို့သော် ဒါဝိတ်ကို နားထောင်ကြည့်ပါ၊– သူသည် ဘုရားသခင့်မျက်နှာသာပေးခြင်းကို တောင်းခံနေပါသည်။ သူ့ကိစ္စကို ဘုရားသခင်က ဝင်စစ်ပေးဖို့ လိုချင်ပါသည်။ သူသည် မိမိကိုယ်ကို ဘုရားသခင့်ဖြောင့်မတ်ခြင်းခုံရုံးရှေ့ တင်ပြနေပါသည်။ ဆုတောင်းခြင်း၏အစဉ်ပင် ဖြောင့်မတ်သူကိုနားထောင်ပေးပါဟု တောင်းဆိုနေပါသည်။**

**ဒါဝိတ်သည် လူသားနှင့် ပြဿနာတက်နေခြင်းဖြစ်သည်။ ထိုပြဿနာကို ဆိုင်ငံ့ခြင်းခံနေရသည်။ ဒါဝိတ်သည် ထိုပြဿနာ ၏ အဆိုးဝါးဆုံးအပိုင်းသို့ ရောက်နေပြီဖြစ်သည်။ သူသည် မှားယွင်းစွာအပြစ်တင်ခံရခြင်း၏ အရိပ်အောက် ရောက်နေသည်။ ကြည့်ရသည်မှာ သူ မဖြေရှင်းနိုင်တော့ဟန် တူပါသည်။ ထို့ကြောင့် သူသည် သူ့အမှုကို အမြင့်ဆုံးတရားရုံးသို့ အယူခံဝင်တော့ သည်၊– အမြင့်ဆုံးခုံရုံး = ဘုရားသခင်။**

**အစပျိုးအမှုစစ်ဆေးခြင်းများ ပြီးဆုံးခဲ့ပြီ။ ထိုအကြောင်းကို ဒါဝိတ် သိနေပါသည်။ သူသည် သူ့တရားသူကြီးထံပြောပါသည်၊ ကိုယ်တော်သည် ကျွန်တော့်နှလုံးသားကို မှန်ကြောင်းသိခဲ့ပြီ၊ ကိုယ်တော်သည် ကျွန်တော့်ထံ ညတွင် လာစစ်ပြီးဖြစ်သည်၊ ကိုယ်တော်သည် ကျွန်တော့်ကို စစ်ဆေးပြီးခဲ့ပြီ။**

**ထိုသို့စစ်ဆေးခြင်းကို ခံရပြီး၊ ကိုယ်တော် ဘာမှမတွေ့ခဲ့ပါဟု ပြောနိုင်သူသည် ပျော်ရွှင်ရမည့်သူဖြစ်ပါသည်။**

**ထိုသို့ပင် ဒါဝိတ်လည်း ပြောနိုင်ပါသည်။ မည်သည့်ပြဿနာဖြစ်ပါစေ၊ ဒါဝိတ်သည် အပြစ်မဲ့သူဖြစ်သည်။ ဘုရားသခင်က ကြည့်တော်မူခဲ့ပြီးဖြစ်သည်။ ဘုရားသခင်သည် သူ၏ သေချာစွာစစ်ဆေးခဲ့ခြင်းကို ဒါဝိတ်အား သိစေပါသည်။**

**ကျွန်တော့် ညီအကို ခင်ဗျား၊ သင့်ကို ဘုရားသခင်က ညအခါ လာစစ်ဆေးသည်ကို မှတ်မိပါသလား?**

**ထိုအချိန်၊ ညသည်၊ ဘုရားသခင်၏ အံ့ဩဖွယ်စစ်ဆေးခြင်းအချိန် ဖြစ်ပါသည်။ နေ့အခါ၊ သင့်ကမ္ဘာကြီးသည် ကြီးလွန်းလှပါသည်၊ သင့်ဘေးတွင်လည်း ဖန်ဆင်းခံသတ္တဝါများ များပြားလွန်းနေပါသည်။ သူတို့ပြုသောအသံများလည်း ဆူညံလွန်းနေပါသည်။ ဘဝသည် လှုပ်ရှားနေမှုများ များလွန်းသောကြောင့် စစ်ဆေးသူ၏အသံကို မကြားနိုင်သလောက် ဖြစ်နေပါသည်။**

**သို့သော် ညရောက်လာပါသည်။ အမှောင်ထုဝတ်ရုံသည် သင့်ကမ္ဘာကို လွှမ်းခြုံလိုက်ပြီ။ သင် ဘာကိုမှမတွေ့တော့ပါ၊ ဘာကိုမှလည်း မကြားတော့ပါ။ ထိုအချိန်တွင် တရားသူကြီးရှိနေပြီ။ ခိုင်မာစွာနှင့် သူသည် မေးမြန်းသည်၊ နှိုက်သည်၊ တူးဆွပါသည်။ သင့်နှလုံးသား၏ အနက်ဆုံးနေရာသို့ ပြောဆိုနိုင်သည်အထိ ဖြစ်သည်။**

**ထိုသို့ပင် ဒါဝိတ်ထံ ပြုခဲ့ပါသည်။ ထို့အတူ ဒါဝိတ်ကလည်းသိပါသည်၊ ဘုရားသခင် ဘာမှမတွေ့ပါ။**

**မဟုတ်ပါ၊ ဒါဝိတ်သည် မပြည့်စုံပါ။ သို့သော် မျက်မှောက်ရင်ဆိုင်နေရသော အမှုနှင့်ပတ်သက်၍ သူသည် အပြစ်မဲ့ဖြစ်ပါသည်။ ထို့အပြင် သူသည် မိမိနှုတ်ခမ်းတို့ဖြင့် အပြစ်မပြုရလေအောင် ရည်ရွယ်ချက်ထားပါသည်။ အကြိမ်များစွာ ကျွန်တော်တို့သည် ကောင်းနေသောအမှုကို ကျွန်တော်တို့၏ မိုက်မဲသော ဗလုံးဗထွေးပြောဆိုခြင်းဖြင့် ဖျက်ပစ်မိတတ်ကြပါသည်။ တည်တည်ငြိမ်ငြိမ်ရှိပါ၊ ဘုရားသခင့်အမျက်ဒေါသကို အခွင့်ပေးလိုက်ပါ။ အကယ်၍ ၎င်းသည် ကောင်းသောတိုက်ခိုက်ခြင်းဖြစ်လျှင် သူသည် သင့်တိုက်ခိုက်ခြင်းကို တိုက်ခိုက်ပေးမည်ဖြစ်သည်။**

**ဒါဝိတ် သူ့အမှုတွင် မည်ကဲ့သို့ အပြစ်မဲ့သူ ဖြစ်နိုင်ရပါသနည်း? ဆိုးဝါးသောဖျက်ဆီးသူများ၏ မကောင်းသောအတုယူစရာများ ပတ်လည်ဝိုင်းနေသော ပတ်ဝန်းကျင်ထဲတွင် နေရသူမဟုတ်ပါလား? မှန်သည် ဆိုးညစ်သောနမူနာများကို နေရာတိုင်းတွင်**

တွေ့နေရပါသည်။ သို့သော် သူ့ထံတွင် ဆိုးညစ်မှုပြုကြသူ ပုံမှန်လူအုပ်ကြီးထဲမပါဘဲ၊ အထက်သို့မြှင့်တင်ထားပေးနိုင်သည့် အရန်စွမ်းအား ရှိနေပါသည်။ ၄င်းစွမ်းအားသည် ဘုရားသခင့်နှုတ်ကပတ်တော်ကျမ်းစာဖြစ်သည်။ ဒါဝိတ်ကပြောသည်၊– အကျွန်ုပ်သည် မိမိကိုယ်ကို ဆိုးညစ်ခြင်းလမ်းတို့သို့ မသွားရအောင် ကိုယ်တော့်နှုတ်တော်ထွက်စကားတို့နှင့် စောင့်ထိန်းပါသည်။

ဘုရားသခင့်နှုတ်ကပတ်တော်ကျမ်းစာ၏ အံ့ဩဖွယ်တန်ခိုးပင်တည်း။

လွန်ခဲ့သောနှစ်များစွာက ကျွန်တော်သည် ထိုအံ့ဩဖွယ်လုပ်ဆောင်နိုင်သောတန်ခိုးကို တွေ့ကြုံခဲ့ဘူးပါသည်။ တနင်္ဂနွေနေ့ အနည်းငယ်၊ အသင်းတော်ဘုရားရှိခိုး မသွားဘဲနေလိုက်ပါ။ အသက်ရှင်ခြင်းနှုတ်ကပတ်တော်၏ အမှန်တရားများကို စွဲကိုင်သူများနှင့် မိတ်သဟာယဖွဲ့ခြင်းကို လစ်လျူရှုလိုက်ပါ။ သင့်ကျမ်းစာအုပ်ကို ပိတ်ထားပါ၊ နေ့များ၊ ရက်သတ္တပတ်များ၊ လများတိုင် မဖတ်ဘဲနေလိုက်ပါ။

ရလဒ်မှာ သင်သည် ကောင်းကင်သို့သွားသော မြင့်မြတ်သည့်လမ်းမှ သွေဖည်နေပြီဖြစ်သည်။ သင်သည် အမှောင်ထုထဲ ပြန်လည်လျှောက်လှမ်းနေပြီ ဖြစ်သည်။ သင်သည် စတင်၍ ဖျက်ဆီးတော့မည်ဖြစ်သည်။ သင်သည် မိုက်မဲသူဖြစ်နေပြီ ဖြစ်သည်။

ဘုရားသခင့်နှုတ်ကပတ်တော်သည် သင့်လမ်းခရီး၏အလင်းရောင် ဖြစ်ပါသည်။ ၄င်းက သင့်ကို ဆိုးညစ်ခြင်းမှ စောင့်ရှောက်ပေးပါသည်။ ဘုရားသခင့်ကို သဘောမကျစေသောအရာများမှ စောင့်ရှောက်ပေးပါသည်။

သို့သော် ထိုအချက်မှန်သည်ဆိုလျှင် သင် ယုဒ၏နတ်ဆိုးအလုပ်ကို မည်သို့အဖြေပေးမည်နည်း ? ထိုနတ်ဆိုးအလုပ်ကို ယုဒသည် နှုတ်ကပတ်တော်ရှေ့တည့်တည့်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင့်နှုတ်ကပတ်တော် လူ့ဇာတိခံ ယူခြင်းဖြစ်သည်။ မည်သူသည် ဘုရားသခင့်နှုတ်ခမ်းတော်တို့မှ ထွက်လာသော နှုတ်ကပတ်တော်ကို တိုက်ရိုက်ခံယူရသနည်း?ဟု မေးခဲ့ပါလျှင်၊ ထိုသူသည် ယုဒပင်ဖြစ်ပါသည်ဟု ပြောရပါတော့မည်။ ထို့ကြောင့် မေးခွန်းဆက်မေးရပါဦးမည်၊ အကယ်၍ ဘုရား သခင့်နှုတ်ကပတ်တော်က ကျွန်တော်တို့ကို ဖျက်ဆီးသူ၏လမ်းတို့မှ စောင့်ရှောက်ထိန်းသိမ်းပေးနိုင်သည်ဆိုခဲ့လျှင်၊ အဘယ့်ကြောင့် အသင်းတော်ထဲတွင် ဆိုးညစ်ခြင်းလုပ်ကိုင်သူများကို များပြားစွာ တွေ့နေရပါသနည်း?

အဖြေမှာ၊– ဘုရားသခင့်နှုတ်ကပတ်တော်သည် ကျွန်တော်တို့ကို ဆိုးညစ်သောအကျင့်များ မလုပ်ရန် စောင့်ရှောက်ထိန်းသိမ်းပေးသော တန်ခိုးဖြစ်သည်ဟု သင်ပြောသည့်အခါ၊ လုံလောက်အောင် မပြောခဲ့သေးသောကြောင့်ဖြစ်သည်။ တခုထပ်ဖြည့်စွပ်ပြောရပါဦးမည်။ ထိုပျောက်နေသောကွင်းဆက်အပိုင်းကို ယှဉ်ဆင်ခြင်တွေးတောနေကြသော ဆာလံတွင် တွေ့ရပါမည်၊–“လမ္းခရီး ေတာ္၌ အကၤ်စု္ပ္သၽြားစဥ္ၾကင္ ေ၀ခမေခ်ာ္ေစ်ခင္းသေမွ ေထာက္တာ္မူပမွ” (ဆာလံ ၁၇း၅)။

၄င်းသည် ဘုရားသခင့်ဝိညာဉ်တော်၏ လုပ်ကိုင်ပေးမှုဖြစ်ပါသည်။ ဝိညာဉ်တော်၏ လုပ်ကိုင်ပေးမှု မပါသော နှုတ်ကပတ်တော်သည် ကျွန်တော့်ထံတွင် သေခြင်းမှသေခြင်းသို့သာ လုပ်ကိုင်ပေးပါသည်။ ၄င်းက ကျွန်တော့်ကို မကြားခင်ကထက် ပို၍ဆိုးသောသူဖြစ်စေပါသည်။ ထိုသို့ဖြစ်ရခြင်းသည် နှုတ်ကပတ်တော်ကြောင့်မဟုတ်ပါ၊ ကျွန်တော်သည် ဆိုးညစ်သောကြောင့်ဖြစ်ပါသည်။

နှုတ်ကပတ်တော်ကို ဟောကြားရပါမည်၊ ထို့နောက် ဝိညာဉ်တော်က ဟောကြားသောနှုတ်ကပတ်တော်ကို ကျွန်တော့်ထံ လက်တွေ့အသက်ရှင်စေရပါမည်။ ထိုအခါမှသာ ကျွန်တော်သည် မိမိကိုယ်ကို ဆိုးညစ်ခြင်းလမ်းများထဲမှ စောင့်ရှောက်နိုင်ပါမည်။

တင်စားချက်နှင့်ပြောရလျှင်၊– ဘုရားသခင်က ကျွန်တော့်ကို သူ၏လမ်းခရီးတော်များထဲ လျှောက်လှမ်းနေရန် မွေ့ချီထားပါသည်။

အံ့ဩစရာ ပန်းချီကားဖြစ်သည်။ မိခင်က မိမိကလေးငယ်၏လက်များအောက်မှ သူ၏လက်ဖြင့်ကိုင်ထားကာ လမ်းလျှောက် သင်ပေးနေပုံ ပန်းချီကားကို ကျွန်တော်မြင်ဖူးသည်။ ထိုသို့ပင် ခရစ်တော်၏ဝိညာဉ်တော်က တန်ခိုးတော်ဖြင့် အထဲမှနေ၍ အစဉ်မပြတ် လမ်းညွှန်ပေးခြင်း၊ ချီမခြင်း၊ ထိန်းကျောင်းပေးခြင်းမရှိလျှင်၊ ကျွန်တော့်လျှောက်လှမ်းခြင်းတို့က ကျွန်တော်ကို ပျက်စီးခြင်းတို့အထဲသို့သာ ပို့ဆောင်မည်ဖြစ်သည်။ နှုတ်ကပတ်တော်သည် ဉာဏ်ပညာအတွက်၊ ဝိညာဉ်တော်သည် လက်တွေ့လုပ်ဆောင်ပေးခြင်းအတွက်၊ ထိုသို့ဆိုလျှင် အားလုံးသည် အဆင်ပြေနေပါတော့မည်။ ထိုအခါ ကျွန်တော်၏လျှောက်လှမ်းခြင်းသည် ကောင်းကင်ဘုံအနားယူရခြင်းသို့ ရှေ့ရှုနေပြီဖြစ်သည်။

ထို့နောက် ဒါဝိတ်သည် အကူညီတောင်းဖို့ ပြန်လည်အော်ဟစ်ပါသည်။ ကျွန်တော့်အသနားခံမှုကို နားညောင်းတော်မူပါ ဘုရားသခင်! သူသည် သူ၏အမှုကို ကောင်းကင်ဘုံတရားခုံရုံးသို့ ဆောင်ယူလာပါသည်။

သူ့ကိုဆန့်ကျင်နေဖို့ ထလာကြသူများ ရှိနေပါသည်။ သူတို့၏ရည်ရွယ်ချက်မှာ ဖျက်ဆီးပစ်ဖို့ဖြစ်ကြောင်း ဒါဝိတ်သဘောပေါက်ပါသည်။ တတ်နိုင်လျှင် သူတို့က သူ့ကို သတ်ပစ်မည်သာဖြစ်ပါသည်။

ထိုကြောက်မက်ဖွယ် ခြိမ်းခြောက်မှုကို ဆန့်ကျင်လျက် သူသည် ဘုရားသခင်ထံ အကူအညီရဖို့ ဆုတောင်းခြင်းဖြစ်သည်။

ဘုရားသခင်၏အကူအညီကို ဤနေရာတွင် အံ့ဩစရာအကောင်းဆုံး စကားစုတို့ဖြင့် ပုံသဏ္ဍာန်ဖေါ်ပေးပါသည်။ ဒါဝိတ်က ၄င်းအကူအညီကို အံ့ဩဖွယ်ကောင်းသော ချစ်ခင်ကြင်နာမှုဟု ခေါ်ပါသည်။

ဘုရားသခင်၏ချစ်ခင်ကြင်နာမှုသည် အံ့ဩစရာကောင်းပါသည်။ ထိုအရာက သင့်ကို သင့်ရန်သူများထံမှ အပြည့်အဝကယ်လွှတ်ခြင်းကို ရစေပါမည်၊ အဆိုးဆုံးရန်သူတို့မှာ ဒုစရိုက်မှုနှင့်အပြစ်တို့ ဖြစ်ကြပါသည်။

ဘုရားသခင်၏ချစ်ခင်ကြင်နာမှုသည် ဂိုလ်ဂိုသာတောင်ကုန်းပေါ် လက်ဝါးကပ်တိုင်ပေါ်၌ရှိ သခင်ယေရှုဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းကို ဘုရားသခင်အား ကိုးစားသူတို့၏ ကယ်တင်ခြင်းဟုခေါ်သောကြောင့် ဖြစ်ပါသည်။ သူ၏ သန်မာလှသော လက်ျာလက်တော်ဖြင့် ကယ်တင်ခြင်းဖြစ်သည်။

သူတို့ကို ကယ်တင်တော်မူသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့ပတ်လည်တွင် မကြာမီရောက်လာတော့မည့် အန္တရယ်ပေါင်းစုံက ဝိုင်းပတ်ထား၍ဖြစ်သည်။ ထိုနေရာတွင် အသွေးအသား၊ ကမ္ဘာကြီးနှင့်နတ်ဆိုးတို့က စောင့်နေပါသည်။ သို့သော် သူတို့သည် ဘုရားသခင့်မျက်ဆန်ဖြစ်ကြပါသည်။ သူတို့သည် ထာဝရကာလမှနေ၍ ချစ်ခြင်းခံကြရသူများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် ကယ်တင်ခြင်း ခံကိုခံကြရပါမည်။ အကယ်၍ ဘုရားသခင့် ရွေးကောက်ခြင်းခံရသော သားသမီးတယောက် တကယ်ဘဲနာကျင်ရသည်ဆိုလျှင်၊ ဘုရားသခင်လည်း နာကျင်မည်သာဖြစ်ပါသည်။ ထို့ကြောင့် သူတို့သည် ကယ်တင်ခံကိုခံရမည်ဖြစ်သည်။

ဒါဝိတ်သည် သူ့ရန်သူများကို အသိအမှတ်ပြုပါသည်။ သူတို့မည်သို့ဖြစ်ကြသည်ကို ကျွန်တော်တို့ထံ ရေးသားဖေါ်ပြပါသည်၊– သူတို့သည် ဆိုးညစ်သူများ၊ ဘုရားသခင့်လူများကို သေစေနိုင်လောက်သော ရန်သူများ၊ သူတို့ကို ဝိုင်းထားသူများ ဖြစ်ကြသည်။ ရန်သူတို့၏တပ်မကြီး ဝိုင်းထားသည်နှင့် တူပါသည်။ သူတို့သည် ဆိုးညစ်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့ကိုယ်သူ တို့ အလွန်မာနကြီးသူများအဖြစ် ဖေါ်ပြကြ၍ဖြစ်သည်။

မှန်လှသည်၊ သူတို့သည် မာနကြီးကြသည်။ မာနသည် အပြစ်ထဲတွင် အကြီးဆုံးဖြစ်သည်။ ၄င်းသည် လူနှင့်ကောင်းကင်တမန်တို့၏အပြစ်များ၏ အခြေခံအမြစ်ဖြစ်နေပါသည်။

မာနကြီးခြင်းဆိုသည်မှာ သင်သည် မိမိကိုယ်ကိုဘုရားဖြစ်သည်ဟု လှုပ်ရှားလုပ်ကိုင်ခြင်း၊ သင့်ကိုယ်သင် ထိုသို့ဖြစ်သည်/ဖြစ်နိုင်သည်ဟု သေဘာပေါက်စေခြင်းဖြစ်ပါသည်။ နတ်ဆိုးကျဆုံးသောအခါ ထိုအိုင်ဒီယာ စိတ်အခြေခံဖြင့် ကျဆုံးခဲ့ခြင်းဖြစ်သည်။ နတ်ဆိုးက လူသားကို သွေးဆောင်သည့်အခါ အသုံးပြုသောအိုင်ဒီယာသည်လည်း၊ ထိုအရာပင်ဖြစ်ပါသည်၊– သင်သည် ဘုရားကဲ့သို့ ဖြစ်လိမ့်မည်။ အပြစ်ဒုစရိုက်သည် မိမိ၏ အဆုံးစွန် ပြည့်စုံခြင်းသို့ ရောက်လျှင် မာနအဖြစ်နှင့် ပေါ်လာမည်သာဖြစ်သည်။ ထိုအခါ အပြစ်နှင့်ပြည့်သော လူသားသည် ဘုရားသခင့်မိမ္ဗာန်တော်တွင် တက်ထိုင်ကာ၊ သူသည် ဘုရားကဲ့သို့ ပြုမူတော့မည်ဖြစ်သည်။

မာနကြီးခြင်းသည် မိုက်မဲလှခြင်းဖြစ်သည်။ လူ၏ဝိညာဉ်က အဘယ့်ကြောင့် မာနကြီးရမည်နည်း? ကျွန်တော်တို့သည် အရာအားလုံးအတွက် ဘုရားသခင်ကိုသာ လုံးလုံးလျားလျား မှီခိုနေကြရပါသည်။ ကျွန်တော်တို့သည် အလွန်အပြစ်များကြသည်၊ ထို့အပြင် ရွံစရာလည်း ကောင်းကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင့်ထံတော်မှောက်တွင် နှိမ့်ချကြရပါမည်။

ဒါဝိတ်က သူတို့သည် မာနကြီးသူများဖြစ်ကြသည်ဟု သိနေပါသည်။ သူတို့ကိုယ်သူတို့ မြေကြီးပေါ်တွင် အစိုးရသူများဟု ထင်မှတ်နေကြပါသည်။ သူတို့က ဖန်ဆင်းခြင်းကို သူတို့ကိုယ်ပိုင်ကဲ့သို့ထင်မှတ်ကာ ကြိုက်သလို ကိုင်တွယ်နေကြပါသည်။ သူတို့က ဖြောင့်မတ်သူများကို ဝိုင်းထားပါသည်၊ ခြင်္သေ့များက မိမိတို့သားကောင်းများကို မြူဆွယ်နေကြသကဲ့သို့ မြူဆွယ်နေကြပါသည်။ သူတို့သည် ဆင်းရဲသူများ၊ လိုအပ်သူများနှင့် ဖြောင့်မတ်သူတို့ကို ဝါးမြိုပစ်မည်ဟု သူတို့၏ခြေရာများကိုခံကာ နောက်မှလိုက်နေကြသည်။

ထို့ကြောင့် ဒါဝိတ်က ဘုရားသခင့်ထံ အော်ဟစ်ပါသည်၊– ထတော်မူပါ၊ ဘုရားသခင်၊ အကျွန်ုပ်ကို သူတို့လက်များသို့ မကျပါစေနှင့်။ အားလုံးသောရန်သူများကို တဦးတည်းအဖြစ်သတ်မှတ်လျှက် ဘုရားသခင့်ထံ အော်ဟစ်ပါသည်၊– သူ့ကို စိတ်ပျက်စေပါ၊ သူ့ကို ကျဆုံးစေပါ၊ အကျွန်ုပ်ဝိညာဉ်ကို ကိုယ်တော့်ဓါးဖြစ်သော ဆိုးညစ်သူထံမှ ကယ်လွှတ်တော်မူပါ။

ထိုနောက်ဆုံး စကားစုက နက်နဲသောအမှန်တရားကို မျက်မှောက်သို့ ပေါ်လာစေပါသည်။

ဒါဝိတ်အား ဝိုင်းရံထားသည့် ဆိုးညစ်သူများအားလုံးသည် တကယ်တမ်းတွင် ဘုရားသခင်၏လက်၊ ဘုရားသခင်၏ဓါးများသာ ဖြစ်နေပါသည်။ နောက်တပိုဒ်က သူတို့သည် ဘုရားသခင့်လက်ဖြစ်သည်ဟု ထပ်ပြောပါသည်။

ကမ္ဘာပေါ်ရှိလူသားများသည် ဘုရားသခင့်ဓါး၊ ဘုရားသခင့်လက် ဖြစ်ကြသည်။

သနားစရာကောင်းလှသော သတ္တဝါများသာဖြစ်ကြပါသည်။ ခွေးတိုင်းက မိမိတို့နေ့ ရှိတတ်ပါသည်။ ထိုသို့ပင် ထိုသူတို့လည်းဖြစ်ပါသည်။ သူတို့၏နေ့သည် ဤနေရာနှင့်ယခုချိန်(the here and the now)သာဖြစ်ပါသည်။

သူတို့၏ကံကြမ္မာကို ဒါဝိတ်ဖေါ်ပြထားပုံအား နားထောင်ကြည့်လိုက်ပါ။

သူတို့သည် မိမိတို့ဝေစုကို ယခုဘဝတွင် ရကြသည်။ ထိုစာကြောင်းဖတ်လိုက်သည်နှင့် သူဌေးကြီးနှင့်လာဇရုအကြောင်းကို ဆက်စပ်တွေးမိမည်အမှန်ဖြစ်ပါသည်။ ဘုရားသခင့်ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းခံကြရသည်ဖြစ်၍၊ ထိုသို့ဖန်ဆင်းခံရခြင်းကပင် ဘုရားသခင့်မိတ်သဟာယဖွဲ့ခြင်းသည် လိုအပ်ချက်ဖြစ်ကြောင်း ဖေါ်ထုတ်နေပါသည်။ သို့သော် သူတို့သည် မုန့်(အစားအစာ)နှင့် သောက်သုံးစရာ၊ အဝတ်အစားနှင့်နားခိုရာ၊ ရွှေ၊ ငွေ၊ ပိုင်ဆိုင်စရာများ စသည်တို့ကိုသာ ရရှိကြပါသည်။ သူတို့သည် မြင်ရသောအရာများကိုသာ ရရှိကြပါသည်။ အချိန်၏အောက်တွင်ရှိနေသည်များ၊ ခဏသာခံသောအရာများကိုသာ ရရှိကြပါသည်။ တကယ်တမ်းတွင် သူတို့အလိုအပ်ဆုံးမှာ ဝိညာဉ်ရေးရာများသာဖြစ်ကြပါသည်။ ဘုရားသခင်ကို သူတို့ဝေစုအဖြစ် မရကြလျှင်၊ သူတို့သည် အမှန်ပင် သေကြမည်ဖြစ်သည်၊ သေပြီးလျှင် ဆက်၍သေနေကြပါဦးမည်။ ထို့ကြောင့် သူတို့သည် အခွံကိုသာ ရကြသူများဖြစ်သည်။ ဤလောကအရာများကိုသာ ဖြစ်ပါသည်။

သတိပြုပါ၊ ဘုရားသခင်က သူတို့ဗိုက်များကို ဝစေသည်ဟု ပြောထားပါသည်။

မှန်ပါသည်၊ ကမ္ဘာပေါ်တွင် အသက်ရှင်ဖို့ဆိုလျှင် သင့်ဗိုက်ထဲတွင် တခုခုရှိနေမှဖြစ်နိုင်ပါမည်။ သင်သည် အစားအစာနှင့် ရေကို မပြတ်မနေ ရှိရပါမည်။ ထို့အပြင် သင့်ကိုယ်လုံးတီးဖြစ်မှုကို လုံခြုံစေဖို့ အဝတ်အစားတမျိုးမျိုးလည်း မပြတ်မနေ ရှိရပါမည်။ အဝတ်သည် ဖုံးအုပ်ဖို့သာမကပါ၊ အအေးဓါတ်မှကာကွယ်ဖို့လည်းဖြစ်ပါသည် (မြန်မာပြည်တွင် အိုက်လှသော်လည်း၊ ဤစာရေးသူစာရေးဆရာ၏တိုင်းပြည်တွင် အေးသည်မှာ ခဲနေပါသည်)။ သင်သည် နားခိုရာလည်း ရှိရပါမည်။ ကမ္ဘာပေါ်တွင် အသက်ရှင်ဖို့ဆို

လျှင် ထိုအရာများအားလုံး သင့်ထံ မဖြစ်မနေရှိရပါမည်။ သို့သော် ထိုအရာများအားလုံးသည် သင်၏အခြေအနေကောင်းမွန်ဖို့ မရှိမဖြစ်အရာများတော့ မဟုတ်ကြပါ။ လူသည် အစားအစာအားဖြင့်သာ အသက်ရှင်သည် မဟုတ်ပါ။ ဆိုလိုသည်မှာ အသက်ရှင်ခြင်းဆိုသော စကားလုံး၏ တကယ့်အဓိပ္ပါယ်နှင့် သင် နေထိုင်နိုင်ဖို့အတွက် သင်သည် ကမ္ဘာမြေကြီး၏အစားအစာကို မလိုအပ်ပါဟုဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်သည် အစားအစာနှင့်နားခိုစရာ မရှိဘဲ၊ သဲကန္တာရထဲတွင် ရက်ပေါင်း(၄၀) နေထိုင်ခဲ့ပါသည်။ သူဆာလောင်သောအခါတွင်လည်း ကျောက်တုန်းကို အစားအစာအဖြစ် ပြောင်းရန် ငြင်းဆန်ခဲ့ပါသည်။

သင့်ထံတွင် စာလောင်နေသောဗိုက်ရှိနေသော်လည်း၊ သင့်ဝိညာဉ်သည် ဘုရားသခင့်မျက်နှာသာပေးခြင်း၊ ချစ်ခြင်းဖြင့် သင့်ထံနေတော်မူခြင်း စသည်တို့ဖြင့် ဝနေပါလျှင် သင်သည် အသက်ရှင်ပါမည်၊ တကယ့်အသက်ရှင်ခြင်းနှင့် ရှင်နိုင်ပါမည်။

ဤဆာလံ၏အဆုံးသတ်သည် အစပျိုးနှင့် မည်မျှကွားခြားလိုက်ပါသနည်း။ အစတွင် အကူအညီအတွက် အော်ဟစ်ခဲ့ သည်၊ ကျန်သောအပိုင်းမှာ ကျေနပ်ခြင်းဖြင့် အဆုံးသတ်ပါသည်။

ဘုရားသခင့်လူများ၏ ဝေစုမှာလည်း မည်မျှ ခြားနားလိုက်ပါသနည်း!

သူတို့သည် နိုးထလာကြမည်။ သူတို့ကိုယ်ခန္ဓာများလည် နိုးထကြပါမည်။ ပထမ သူတို့ဝိညာဉ်များသည် ပြောင်းလဲချိန်၊ အသစ်ပြုပြင်ပြောင်းလဲပေးချိန်တွင် နိုးထကြပါမည်။ ထို့အပြင် သူတို့ ကိုယ်ခန္ဓာများသည်လည်း ယေရှုခရစ်၏နေ့တွင် နိုးထကြပါဦးမည်။

ထို့နောက် ဘုရားသခင့်မျက်နှာတော်ကို မြင်ရခြင်းဖြင့် သူတို့သည် ကောင်းချီးနှင့်လျှံနေအောင် ပြည့်စုံကြဦးမည်ဖြစ်သည်။ ထို့အပြင် ဘုရားသခင့်ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းသော သူတို့ကိုယ်ခန္ဓာများကို ဖြောင့်မတ်ခြင်း၌ တွေ့မြင်ကြရဦးမည်ဖြစ်ပါသည်။

ဤကမ္ဘာမြေတွင် ဆိုးညစ်သူသည် အံ့သြနေပါမည်။

သင်က သင့်အတွက် သဘောကျစရာအကောင်းဆုံး၊ အရွေးချင်ဆုံးသောအရာမှာ ဘုရားသခင်ကိုတွေ့မြင်ရခြင်းဖြင့် လွှမ်းခြုံခံရခြင်းဖြစ်သည်ဟု ပြောသည်ကို သူတို့ကြားသောအခါ၊ အံ့သြနေကြပါသည်။

သို့သော် ကျွန်တော်တို့ကတော့ သိနေကြပါသည်၊ ထို့ကြောင့် ကျွန်တော်တို့၏ အနက်ဆုံးသောနှလုံးသားမှ တောင့်တနေမှုကို သီချင်းအဖြစ် ဆိုကြပါမည်၊– “အကၽြႏ္ုပ္မူကား ေျဖာင့္မတ္၍ မ်က္ႏွာေတာ္ကို ဖူးျမင္ရပါလိမ့္မည္။ ႏိုးေသာအခါ ပံုသ႑ာန္ေတာ္အားျဖင့္ အကၽြႏ္ုပ္သည္ ျပည့္စံုရပါလိမ့္မည္။”

(O Taste and See, Meditation from Psalms, by Gerrit Vos (1894-1968) **စာအုပ်မှ ဘာသာပြန်ပါသည်**)

++++++++++++++++++++++++++++++++++++++++++++

<u>**သီသြလော်ဂျီကဏ္ဍ**</u>

**ဟန်ချက်ညီနေခြင်းသက်သေပြချက်**(Teleological)

ဘုရားသခင်၏ရှိနေမှုကို သက်သေပြသည်ဆိုသော သက်သေပြချက်များထဲတွင် အလှပဆုံး၊ အကြွယ်ဝဆုံးသက်သေပြချက်သည် ဟန်ချက်ညီနေခြင်းသက်သေပြချက်ဖြစ်ပါသည်။ ၎င်းက ကျွန်တော်တို့ကို အားလုံးထက်အင်အားကြီးများသော တန်ခိုးစွမ်းအားတစုံတရာစီသို့ ခေါ်သွားပါသည်။ (သို့) ကမ္ဘာကြီးကိုဖြစ်စေသော အဆုံးသတ်အကြောင်းတရားထံသို့ ခေါ်သွားပါသည်။ ထို့အပြင် အရာခပ်သိမ်းကို ပြုပြင်တည်ဆောက်သည့် အသက်ရှင်နေသောဒီဇိုင်းပညာရှင်ထံသို့လည်း ခေါ်ဆောင်သွားပါသည်။

**ဟန်ချက်ညီနေခြင်းသက်သေပြချက်**(Teleological)၊**နှင့် ကိုယ်ကျင့်တရားသက်သေပြချက်**(Moral)**တို့ ဖြစ်သည်။ အချို့က (၅)ခုမြောက်ကို ထပ်ထည့် ကြပါသည်၊ သမိုင်းအထောက်အထားသက်သေပြချက်**(Historical)**ဟုခေါ်သည်။**

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) **စာအုပ်မှ ဘာသာပြန်ပါသည်**)

××××××××××××××××××××××××××××××××××××××××××××××

<u>**ကျမ်းစာဘာသာပြန်ကဏ္ဍ**</u>

**သုတ္တံ ၂၅း၁–၂၈ (ဂျိန်းဘုရင်မူ)**

**၁– ဤအရာများသည်လည်း ရှောလမုန်၏ ပညာရှိစကားများဖြစ်ကြသည်၊ ယုဒဘုရင် ဟေဇကိ၏လူများက ကူးယူထားခြင်းဖြစ်သည်။**

**၂ – အကြောင်းအရာကို ဖုံးကွယ်ခြင်းသည် ဘုရားသခင်၏ ဂုဏ်ကျက်သရေဖြစ်သည်၊– သို့သော် ရှင်ဘုရင်တို့၏ ဂုဏ်အသရေမှာ အကြောင်းကိစ္စကို ရှာဖွေဖေါ်ထုတ်ခြင်းဖြစ်သည်။**

၃ – ကောင်းကင်သည် မြင့်မားခြင်းတွက်၊ မြေကြီးသည် နက်ရှိုင်းခြင်းအတွက်ဖြစ်သည်၊ ထို့အတူ ရှင်ဘုရင်တို့၏နှလုံးသားသည် ရှာ၍မရနိုင်ဖြစ်ပါသည်။
၄ – ငွေသတ္တုမှ အဖျင်းကို ထုတ်ပစ်လိုက်ပါ၊ ထိုအခါ ၄င်းအထဲမှ ပန်းတိမ်ဆရာ အသုံးပြုနိုင်သောအရာများ ထွက်လာပါမည်။
၅ – ဆိုးညစ်သူကို ရှင်ဘုရင်၏ရှေ့မှ ဖယ်လိုက်ပါ၊ ထိုအခါ သူ၏ပလ္လင်သည် ဖြောင့်မတ်ခြင်း၌ တည်ထောင်နိုင်လိမ့်မည်။
၆ – ရှင်ဘုရင့်ရှေ့တွင် သင့်ကိုသင် မကြော်ငြာနှင့်၊ ထို့အတူ ကြီးမြတ်သူများရှေ့တွင်လည်း သွားမရပ်နှင့်၊–
၇ – အဘယ့်ကြောင့်ဆိုသော်၊ ဤနေရာသို့ တက်လာပါဟု သင့်ကိုခေါ်ခြင်းသည်၊ သင့်မျက်လုံးတို့ဖြင့် မြင်ပြီးသော မင်းသားတို့ရှေ့တွင် နိမ့်သောအရပ်သို့ အပို့ခံရခြင်းထက် ပို၍ကောင်းပါသည်။
၈ – ရန်တွေ့ရန် အလျှင်စလို ရှေ့သို့မသွားနှင့်၊ မဟုတ်ပါက အဆုံးသတ်တွင် သင့်အိမ်နီးချင်းက သင့်ကို အရှက်ရစေသောအခါ၊ သင်သည် ဘာကိုလုပ်ရမှန်းမသိ ဖြစ်လိမ့်မည်။
၉ – သင့်ပြဿနာကို သင့်အိမ်နီးချင်းကိုယ်တိုင်နှင့် ငြင်းခုံလော့၊ ထို့နောက် လျှို့ဝှက်ချက်ကို အခြားသူတို့ထံ မဖေါ်ထုတ်နှင့်၊–
၁၀ – သို့မဟုတ်ပါက၊ သူသည် ထိုအမှုကို ပြန်ကြားလိမ့်မည်၊ ထို့နောက် သင့်ကို အရှက်ရစေလိမ့်မည်၊ သင်၏ အရှက်ကွဲခြင်းသည် သင့်ထံမှ ထွက်သွားတော့မည်မဟုတ်။
၁၁ – သင့်တော်သောစကားကို ပြောဆိုခြင်းသည် ငွေပန်းချီးကားများထဲမှ ရွှေပန်းသီးတို့နှင့် တူပါသည်။
၁၂ – ပညာရှိသောဆုံးမသူ၏ နာခံသောနားသို့ ဆုံးမခြင်းသည် ရွှေနားဆွဲနှင့်၄င်း၊ စင်ကြယ်လှသောရွှေ အဆင်တန်ဆာတို့နှင့်၄င်း တူကြပါသည်။
၁၃ – သစ္စာရှိသော တမန်ကို စေလွှတ်သောသူတို့သည်၊ သီးနှံရိတ်သိမ်းချိန် ကျသည့် အေးမြသောနှင်းခဲကဲ့သို့ ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူက သူ့သခင်များ၏ဝိညာဉ်တို့ကို လန်းဆန်းစေသောကြောင့်ဖြစ်သည်။
၁၄ – တကယ်မပေးသော လက်ဆောင်အတွက် မိမိကိုယ်ကို ကြွားဝါနေသူသည်၊ မိုးမပါသော မိုးတိမ်များ၊ လေတိုက်ခြင်းများနှင့် တူပါသည်။
၁၅ – ကြာရှည်သော စိတ်ရှည်ခြင်းက ရှင်ဘုရင်ကို ဖျောင်းဖျနိုင်ပါသည်၊ ထို့အတူ သိမ်မွေ့သောလျှာက အရိုးကို ကျိုးစေပါသည်။
၁၆ – သင် ပျားရည်ကို တွေ့ပါသလော? သင့်အတွက် လုံလောက်အောင် စားပါ၊ မဟုတ်ပါက ဗိုက်ပြည့်လွန်းလျှင်၊ ပြန်အန်ရလိမ့်မည်ဖြစ်သည်။
၁၇ – သင့်ခြေတို့ကို သင့်အိမ်နီးချင်းအိမ်မှ နုတ်သိမ်းလော့၊ မဟုတ်ပါက သူသည် သင့်ကို ငြီးငွေ့လိမ့်မည်၊ ထို့နောက် သင့်ကို မုန်းမည်ဖြစ်သည်။
၁၈ – မိမိအိမ်နီးချင်းကို ဆန့်ကျင်၍ မမှန်သောသက်သေကို ခံသောသူသည် လေးလံသောတူ၊ ဓါး၊ ချွန်ထက်သောမြား ဖြစ်သည်။
၁၉ – ဒုက္ခရောက်ချိန်တွင် သစ္စာမရှိသူကို စိတ်ချယုံကြည်မိသူသည် ကျိုးနေသောသွား၊ အဆစ်ပြုနေသောခြေထောက်နှင့် တူပါသည်။
၂၀ – ဝမ်းနည်းသောနှလုံးသားထံ သီးချင်းများကို သီဆိုသူသည်၊ အေးသောရာသီတွင် ဝတ်ရုံကို ချွတ်သောသူနှင့်၄င်း၊ ဆားပေါ်သို့ ရှာလကာရည်ကို လောင်းသူနှင့်၄င်း တူပါသည်။
၂၁ – အကယ်၍ သင့်ရန်သူ ဆာလောင်သောအခါ သူစားဖို့ မုန့်(အစာ)ကို ပေးလော့၊– အကယ်၍ သူ ရေငတ်လျှင် သောက်ဖို့ ရေကို ပေးလော့၊–
၂၂ – ထိုသို့ဖြင့် သင်သည် သူ၏ခေါင်းပေါ် မီးခဲတို့ကို ပုံထားခြင်းဖြစ်လိမ့်မည်၊ ဘုရားသခင်ကလည်း သင့်ကို ဆုချလိမ့်မည်။
၂၃ – မြောက်ဖက်မှလာသော လေက မိုးကို မောင်းထုတ်လိုက်သလို၊ ဒေါသထွက်သောမျက်နှာက အတင်းပြောသောလျှာကို မောင်းထုတ်နိုင်ပါသည်။
၂၄ – အိမ်ခေါင်မိုး ထောင့်တနေရာတွင် နေရခြင်းသည်၊ ရန်တွေ့နေသော အမျိုးသမီးတဦးနှင့် ကျယ်ဝန်းသောအိမ်တွင် နေရခြင်းထက် ပိုကောင်းပါသည်။
၂၅ – ဝေးသောတိုင်းပြည်မှ လာသော သတင်းကောင်းသည်၊ ရေငတ်နေသောသူအတွက် အေးမြသောရေနှင့် တူပါသည်။
၂၆ – ဖြောင့်မတ်သောသူ ဆိုးညစ်သောသူ၏ရှေ့တွင် ကျဆုံးရခြင်းသည်၊ အနှောက်ခံရသော စမ်းရေပေါက်၊ ပုတ်သိုးနေသော စမ်းရေတွင်းနှင့် တူပါသည်။
၂၇ – ပျားရည်အမြောက်အများကို စားခြင်းသည် မကောင်းပါ၊– ထိုကဲ့သို့ပင် လူတို့က မိမိတို့၏ဂုဏ်အသရေကို ရှာခြင်းသည်လည်း ဂုဏ်ကျက်သရေ မဟုတ်ပါ။
၂၈ – မိမိ၏ဝိညာဉ်ကို သေချာမအုပ်ချုပ်နိုင်သူသည် ပြိုပျက်နေသော၊ မြို့ရိုးတံတိုင်းများမရှိသော မြို့တော်တခုနှင့် တူပါသည်။

××××××××××××××××××××××

၁သက် ၅း၁–၂၈ (ကျိန်းဘုရင်မှု)
၁ – သို့သော် ညီအကိုတို့ အချိန်များနှင့်ကာလများအကြောင်းကိုမူ သင့်တို့ထံ ငါရေးနေစရာမလိုအပ်ပါ။
၂ – အဘယ့်ကြောင့်ဆိုသော် သခင်ဘုရား၏နေ့သည် ညအခါ သူခိုးလာသကဲ့သို့ ရောက်လာမည်ဖြစ်ကြောင်းကို သင်တို့ကိုယ်တိုင် ပြည့်စုံစွာ သိကြပြီးဖြစ်ပါသည်။

၃ – သူတို့က ငြိမ်းချမ်းခြင်း၊ လုံခြုံခြင်းဟု ပြောကြစဉ်၌ပင်၊ ရုတ်တရက်ပျက်စီးရခြင်းသည် သူတို့အပေါ် ရောက်လာမည်ဖြစ်သည်၊ ကလေးမွေးတော့မည့် အမျိုးသမီးထံ မွေးဖွားခြင်းဝေဒနာ ရောက်လာသကဲ့သို့ဖြစ်မည်၊ သူတို့အားလုံး မလွတ်ရ။

၄ – သို့သော်၊ ညီအကိုတို့ ထိုနေ့က သင်တို့ကို သူခိုးကဲ့သို့ သင်တို့ကို ကျော်နင်းသွားဖို့ သင်တို့သည် မှောင်မိုက်တွင် ရှိကြသည် မဟုတ်ကြပါ။

၅ – သင်တို့အားလုံးသည် အလင်း၏သားသမီးများ ဖြစ်ကြပါသည်၊ နေ့၏သားသမီးများ ဖြစ်ကြပါသည်၊ ငါတို့သည် ညနှင့်ဆိုင်သူများ မဟုတ်ကြပါ၊ မှောင်မိုက်နှင့်ဆိုင်သူများလည်း မဟုတ်ကြပါ။

၆ – ထို့ကြောင့် အခြားသူများ အိပ်ပျော်ကြသကဲ့သို့ မဟုတ်ဘဲ၊ ငါတို့သည် မအိပ်ဘဲ နေကြပါမည်၊ စောင့်ကြည့်ကြပါမည်၊ တည်တည်ငြိမ်ငြိမ် ရှိကြပါမည်။

၇ – အဘယ့်ကြောင့်ဆိုသော် အိပ်ပျော်သောသူတို့သည် ညအခါ အိပ်ပျော်ကြသည်၊ အရက်သောက်သောသူတို့သည်လည်း ညအခါတွင် သောက်ကြသည်။

၈ – သို့သော် နေ့နှင့်ဆိုင်သော ငါတို့သည်၊ တည်တည်ငြိမ်ငြိမ်ရှိကြမည်၊ ယုံကြည်ခြင်းနှင့်ချစ်ခြင်းဆိုသော ရင်အုပ်ကာကို ဝတ်ဆင်ကြမည်၊ သံခမောက်အဖြစ် ကယ်တင်ခြင်း၏ မျှော်လင့်ခြင်းကို ဆောင်းကြပါမည်။

၉ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့ကို အမျက်တော်အတွက် ခန့်ထားသည် မဟုတ်ပါ၊ သို့သော် ငါတို့သခင် ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို ရရှိကြရန် ခန့်ထားပါသည်၊

၁၀ – သူသည် ငါတို့အတွက် အသေခံပေးပါသည်၊ ထို့ကြောင့် ငါတို့သည် နိုးနေသည်ဖြစ်စေ၊ အိပ်နေသည်ဖြစ်စေ၊ သူနှင့်အတူ အသက်ရှင်ကြပါမည်။

၁၁ – ထို့ကြောင့် သင်တို့သည် အတူတကွနှင့် သင်တို့ကိုယ်သင်တို့ နှစ်သိမ့်မှုပေးကြပါ၊ ယခုချိန်၌ပင် လုပ်ကိုင်နေကြသကဲ့သို့ တဦးနှင့်တဦး မြှင့်တင်ဖို့ ဆုံးမသွန်သင်ကြပါ။

၁၂ – ထို့နောက် ညီအကိုတို့၊ သင်တို့ကြားတွင် လုပ်ဆောင်ကြသူများ၊ သခင်ဘုရားအားဖြင့် သင်တို့ကို အုပ်စိုးသူများ၊ သင်တို့ကို ဆုံးမသူများအား သိကြဖို့ သင်တို့ကို ငါတို့ တိုက်တွန်းကြပါသည်၊

၁၃ – သူတို့ကို သူတို့၏အလုပ်အတွက် ချစ်ခြင်းထဲ၌ အလွန်မြင့်မားစွာ ရှိသေလေးစားကြပါ။ ထို့အပြင် သင်တို့ကိုယ် သင်တို့ကြား၌လည်း ငြိမ်းချမ်းမှု ရှိစေကြပါ။

၁၄ – ယခုတွင် သင်တို့ကို ငါ အလေးအနက်တိုက်တွန်းပါသည်၊ ညီအကိုတို့၊ စည်းကမ်းတကျ မနေသူတို့ကို သတိပေးကြပါ၊ အားငယ်နေသူများကို နှစ်သိမ့်ကြပါ၊ အားနည်းနေသူကို အားပေးပါ၊ လူအားလုံးထံသို့ စိတ်ရှည်ကြပါ။

၁၅ – မည်သူ့ထံကိုမျှ အဆိုးကိုအဆိုးနှင့် မတုန့်ပြန်ကြနှင့်၊ သို့သော် ကောင်းမြတ်သည်ဆိုသောအရာ၏ နောက်ကိုသာ အစဉ်လိုက်ပါ၊ သင်တို့ကြားတွင်လည်း ထိုသို့ဖြစ်စေသလို၊ လူအားလုံးတို့ထံလည်း ထိုသို့ပြုကြပါ။

၁၆ – အမြဲ ဝမ်းမြောက်ဝမ်းသာဖြစ်ပါ။

၁၇ – မပြတ်တမ်း ဆုတောင်းပါ။

၁၈ – အရာခပ်သိမ်းအတွက် ကျေးဇူးတင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် သင်နှင့်ပတ်သက်၍ ခရစ်တော် ယေရှု၌ရှိသော ဘုရားသခင်၏ အလိုတော်ဖြစ်ပါသည်။

၁၉ – ဝိညာဉ်တော်ကို မငြိမ်းစေနှင့်။

၂၀ – ပရောဖက်ပြုခြင်းများကို အထင်မသေးနှင့်။

၂၁ – အရာခပ်သိမ်းကို (ကောင်း၏/မကောင်း၏)သေချာစစ်ပါ၊ ကောင်းမြတ်သည် ဆိုသောအရာကို ခိုင်မာစွာကိုင်ခွဲပါ။

၂၂ – ဆိုးညစ်သည်ဟု တွေ့ရသည့် အရာများအားလုံးကို ရှောင်ပါ။

၂၃ – ထိုအခါ ငြိမ်းချမ်းခြင်း၏ တကယ့်ဘုရားသခင်က သင်တို့ကို လုံးလုံးလျားလျား သန့်ရှင်းစေပါမည်၊– ထို့နောက် ဘုရားသခင့်ထံ ငါ ဆုတောင်းသည်မှာ သင်တို့၏ ဝိညာဉ်တခုလုံး၊ စိတ်တခုလုံးနှင့်ကိုယ်ခန္ဓာတခုလုံးကို ငါတို့သခင် ယေရှုခရစ်ပြန်လာချိန်ထိ အပြစ်တင်ခွင့်ကင်းစွာ စောင့်ရှောက်ပေးတော်မူပါ ဟူ၍ဖြစ်သည်။

၂၄ – သင်တို့ကို ခေါ်သောသူသည် သစ္စာရှိသူဖြစ်ပါသည်၊ ထိုကိစ္စကိုလည်း ပြုလုပ်မည့်သူ ဖြစ်ပါသည်။

၂၅ – ညီအကိုတို့ ငါတို့အတွက်လည်း ဆုတောင်းပေးကြပါ။

၂၆ – ညီအကိုအားလုံးတို့ကို သန့်ရှင်းသောအနမ်းဖြင့် နှုတ်ခွန်းဆက်သကြပါ။

၂၇ – ဤစာစောင်ကို သန့်ရှင်းသောညီအကိုအားလုံးတို့ထံ ဖတ်ပြပါဟု သင်တို့ကို ငါ သခင်ဘုရားအားဖြင့် တာဝန်ပေးပါသည်။

၂၈ – ငါတို့သခင် ယေရှုခရစ်၏ ကျေးဇူးတော်သည် သင်တို့နှင့်အတူ ရှိပါစေ။ အာမင်။

++++++++++++++++++++++++++++

### သခင်ဘုရား၏နေ့ (၂၃)

၅၉။ ထိုအရာအားလုံးကိုယုံကြည်ခြင်းက သင့်အား ယခုချိန်၌ မည်သည့်အကျိုးရှိစေသနည်း?

ဘုရားသခင်၏ရှေ့တွင် ကျွန်ုပ်သည် သခင်ခရစ်တော်၌ဖြောင့်မတ်သူ၊ ထို့အပြင် ထာဝရအသက်အား အမွေခံသူတယောက်ဖြစ်၏။ (ရော ၅း၁၊ ၁း၇၊ ယော ၃း၃၆)

၆၀။ သင်သည် မည်သို့ ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သူဖြစ်လာသနည်း?

သခင်ခရစ်တော်ကို စစ်မှန်သောယုံကြည်ခြင်းဖြင့် ယုံကြည်၍သာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏သြတ္တပ္ပစိတ်က ကျွန်ုပ်သည် ဘုရားသခင်၏ပညတ်တော်များကို ဆိုးရွားစွာချိုးဖေါက်သူ၊ တစုံကိုမျှ မစောင့်ထိန်းနိုင်သူ၊ ဆိုးညစ်ခြင်းအားလုံးသို့သာ စိတ်တိမ်းညွတ်လျက်ရှိသေးသူဟု စွပ်စွဲနေသော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်၏ထိုက်တန်မှုဖြင့်မဟုတ်၊ ကျေးဇူးတော် သက်သက်အားဖြင့်၊ သခင်ခရစ်တော်၏ ပြည့်ဝသောသန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကျေနပ်စေခြင်းများကို ကျွန်ုပ်အဖို့ မှတ်ယူပေး၏၊ ပေးသနားတော်မူ ၏။ ထိုသို့ဖြင့် ကျွန်ုပ်သည် အပြစ်မရှိသူ၊ မည်သည့် အပြစ်ကိုမျှ မကျူးလွန်မိသူကဲ့သို့ ဖြစ်လာလျက်၊ မှန်ပါသည်၊ သခင်ခရစ်တော် က ကျွန်ုပ်အတွက် ပြည့်ဝစွာဆောင်ရွက်ပြီးသည့် နာခံခြင်းများအားလုံးကို ကျွန်ုပ်ကပင် လုပ်ဆောင်သကဲ့သို့ဖြစ်လာ၏။ ထိုအရာ များအားလုံးကို ကျွန်ုပ်သည် ယုံကြည်သောနှလုံးသားဖြင့် လက်ခံရရှိပါသည်။

(ရော ၃း၂၂၊ ဂလာ ၂း၁၆၊ ဖေက် ၂း၈-၉၊ ရော ၃း၉၊ ၇း၂၃၊ ၃း၂၄၊ တိတု ၃း၅၊ ဖေက် ၂း၈-၉၊ ရော ၄း၄-၅၊ ၂ကော ၅း၁၉၊ ရော ၃း၂၄-၂၅၊ ၂ကော ၅း၂၁၊ ရော ၃း၂၈၊ ယော ၃း၁၈)

၆၁။ ယုံကြည်ခြင်းဖြင့်သာ ဖြောင့်မတ်သည်ဟု အဘယ်ကြောင့်ပြောဆိုသနည်း?

ကျွန်ုပ်ယုံကြည်ခြင်း၏ထိုက်တန်မှုကြောင့် ဘုရားသခင်၏လက်ခံထိုက်သူ ဖြစ်လာသည်မဟုတ်။ သခင်ခရစ်တော်၏ ကျေနပ်စေတော်မူခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းတို့ကြောင့်သာဖြစ်၏။ ၎င်းသည် ဘုရားသခင်ရှေ့၌ ကျွန်ုပ်၏ဖြောင့်မတ်ရာဖြစ်သည်။ ယုံကြည်ခြင်းနည်းလမ်းမှလွဲ၍ မည်သည့်နည်းလမ်းနှင့်မျှ ထိုအရာကို ကျွန်ုပ်လက်ခံယူ၍ မရပါ။

(ဆာလံ ၁၆း၂၊ ဖေက် ၂း၈-၉၊ ၁ကော ၁း၃၀၊ ၂း၂၊ ၁ယော ၅း၁၀)